မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၁၂ ခုနှစ်၊ မတ် ၁၇ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၆၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

နေပြည်တော် မတ် ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျုံးသန်စန်း၊ ကမ္ဘောဒီးယားနိုင်ငံ ဘုရင် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်တို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံများသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီး H.E. Mr. Sommad Pholsena ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Nilahath SAYARATH လည်း တက်ရောက်သည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု မြှင့်တင်ဆောင်ရွက်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်း ပို့ဆောင်ရေးအထောက်အကူပြုလုပ်ငန်းများ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီး **H.E. Mr. Sommad Pholsena** အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီး **H.E. Mr. Sommad Pholsena** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ဩစတြေးလျအနောက်ပိုင်းသို့ မုန်တိုင်းရွေ့လျားနေ၊ ဒေသခံများအား သတိပေးချက်ထုတ်ပြန် စာ-၄

ဦးချိုပါဒိုင်နိုဆော မျိုးစိတ်သစ်နှစ်မျိုး သိပ္ပံပညာရှင်များ တွေ့ရှိ စာ-၄

နိုင်ငံနှင့် ဒေသအကျိုးပြုလူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရန်အတွက် ဂျောဝတီတိုင်းဒေသကြီးအတွင်း အဆင့်မြင့်နှင့်နည်းပညာများ သင်ကြားနိုင်ရန် တည်ဆောက်ဖွင့်လှစ်ပေးထားသော ပညာရေးကဏ္ဍဆောင်ရွက်ချက်များ စာ-၉

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် မတ် ၁၇ ရက်)

နွေအသိ၊ နွေသတိ

မြန်မာနိုင်ငံ၏ အပူပြင်းဆုံးရာသီကား နွေဥတုပင်ဖြစ်၏။ အထူးသဖြင့် မတ်လ၊ ဧပြီလနှင့် မေလများသည် အပူဆုံးလများဖြစ်၏။ ယခုအခါ နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လျက်ရှိသည်။ လူတိုင်းသည် နွေ၏ပူပြင်းဒဏ်ကို အလူးအလဲခံနေကြရပြီ။ နွေရောက်ပြီဆိုမှဖြင့် လူတိုင်းလူတိုင်းသည် နေမှု၊ ထိုင်မှု၊ သွားမှု၊ လာမှု အစရှိသည့် နေ့စဉ်လူမှုဘဝ အဝဝကို ဆင်ခြင်သတိပြုကြရပေတော့မည်။

နွေရာသီကား ဆောင်ရန်၊ ရှောင်ရန်များရှိ၏။ ဆောင်သင့်သည်ကိုမဆောင်၊ ရှောင်သင့်သည်ကို မရှောင်သဖြင့် နှစ်စဉ်ဒုက္ခနှင့်ရင်ဆိုင်ရသူများ မနည်းမနောရှိ၏။ ဤသို့ဆိုလျှင် မည်သည်တို့ကိုဆောင်၍ မည်သည်တို့ကို ရှောင်ရမည်နည်း။ အဓိကအားဖြင့် အနေအထိုင်နှင့် အစားအသောက်ပင်ဖြစ်၏။

ရာသီဥတုပူပြင်းလာသဖြင့် ဝမ်းနှင့်ပတ်သက်သောရောဂါများ ဖြစ်ပွားတတ်၏။ ''တပေါင်း၊ တန်ခူး၊ ဝမ်းမနူးနှင့်'' ဆိုသည့်စကားအတိုင်း ဝမ်းလျှော၊ ဝမ်းပျက်စေတတ်သောအစားအသောက်များ မစားသင့်ပေ။ ဥပမာ- လက်လုပ်ချဉ်များ၊ ဝမ်းပျော့စေသော အစားအသောက်များ၊ အပူအစပ်များ မစားသင့်ပေ။ အထူးသဖြင့် နွေရာသီကာလအတွင်း အရက်အလွန်အကျွံသောက်ခြင်း လုံးဝမပြုသင့်ပေ။

လူတို့အနေဖြင့် ပူအိုက်လွန်းလှသဖြင့် ရေကို အချိန်အခါမဟုတ် ချိုးတတ်ကြသည်။ ရေကို မဆင်မခြင်ချိုးကြသဖြင့် နာမကျန်းဖြစ်ကြရသည်။ ရေချိုးမဆင်ခြင်၍ အသက်အန္တရာယ်ပင် ရှိနိုင်၏။ နှစ်စဉ် နွေရာသီရောက်တိုင်း ရေချိုးမဆင်ခြင်၍ သေဆုံးသူ အများအပြားရှိ၏။ လူကြီးသူမများ၏ အဆိုအရ နွေရာသီတွင် နေ့ ၁၀ နာရီကျော်လျှင် ရေမချိုးသင့်ကြောင်း သတိပေးခဲ့သည်ကို ကြားဖူးသည်။ မွန်းတည့် ၁၂ နာရီနောက်ပိုင်း အပူချိန်သည် ချစ်ချစ်တောက်ပူပြင်းချိန်တွင် ရေမချိုးသင့်တော့ပေ။

တစ်ဖန် နေကျဲကျဲတောက်ပူပြင်းချိန်တွင် နေပူထဲ၌ အလုပ်ပြင်းထန်စွာ လုပ်ကိုင်ခြင်း၊ ထီး၊ ဖိနပ်၊ ဦးထုပ်တစ်ခုခုမပါဘဲ သွားလာခြင်း၊ နေပူထဲမှ လာသူသည် အဲယားကွန်းခန်းအတွင်း ရုတ်တရက် ဝင်ရောက်အအေးခံခြင်း၊ အဲယားကွန်းခန်းထဲမှ နေပူထဲရုတ်တရက်ထွက်ခြင်းတို့သည်လည်း လွန်စွာအန္တရာယ်များသော အပြုအမူများ ဖြစ်သည်။

အချို့သောသူများသည် အပူချိန်လွန်ကဲနေချိန်တွင် ရေခဲချောင်း၊ ရေခဲမုန့်၊ ရေခဲရေစသည်ဖြင့် ရေခဲနှင့်ပြုလုပ်စီမံအပ်သော အစားအစာများကို စားတတ်ကြသေးသည်။ အပူချိန်မြင့်တက်နေချိန် ရေခဲမစားသုံးရန် သတိပြုသင့်၏။ နေပူထဲမှလာသူသည် ရေအေးကိုပင် ရုတ်တရက်မသောက်သင့်ပေ။ နားပြီးမှ သောက်သင့်၏။ နွေအခါ ရေနွေးသောက်ခြင်းသည် အကောင်းဆုံးဖြစ်၏။ ချွေးထွက်အားကို ကောင်းစေ၏။

နွေအခါ နေ့ခင်းအပူချိန်တိုးလာချိန်တွင် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ အပူချိန်လွန်ကဲသဖြင့် နာဖျားတတ်၏။ နေအပူကျချိန်တွင် ရေပတ်တိုက်ပေးရကြောင်း ကြားဖူး၏။ ချစ်ချစ်တောက်ပူချိန် ရေခဲရေပတ်တိုက်ခြင်းကား မပြုသင့်ပေ။

နေ့ခင်းအပြင်သို့ထွက်သည့်အခါ ထီး သို့မဟုတ် အဆောင်းတစ်ခုခုပါမှ သွားသင့်၏။ အနက်ရောင်အင်္ကျီများကို မဝတ်သင့်။ အလင်းပြန်သော အဖြူရောင်ချည်ထည်အင်္ကျီများ ဝတ်ဆင်သင့်၏။

''နေ့ပူလို့ ညချမ်း'' ဟူ၍ တပေါင်းလ၏ ရာသီသဘာဝနှင့် စပ်လျဉ်း၍ ဖော်ကျူးထားသည့် စကားစုကို လူတိုင်းကြားဖူးကြပေလိမ့်မည်။ ညဦးပိုင်းတွင် နေ့ခင်းနေ၏ အပူရှိန်ကြောင့် ပူမြဲပူအိုက်နေတတ်၏။ ထိုပူအိုက်ခြင်းကြောင့် အချို့သောသူများမှာ အအေးခံကာ အင်္ကျီများချွတ်၍ အိပ်တတ်ကြ၏။ ညဥ့်လယ်နှင့် နံနက်ပိုင်းသို့ ရောက်သည့်အခါ အအေးဓာတ်ဝင်လာပြီး အအေးပတ်ခြင်းဖြစ်တတ်၏။

သို့ဖြစ်ပါ၍ လူတိုင်းလူတိုင်းသည် ပူပြင်းလှသော နွေအခါသမယတွင် နေ့စဉ်နေ့တိုင်းသွားလာကြရာ၌ ရှောင်သင့်သည်ကိုရှောင်၊ ဆောင်သင့်သည်ကိုဆောင်ကြကာ ဘေးအန္တရာယ်မကြုံစေရေးအတွက် နွေအသိ၊ နွေသတိရှိကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

ထန်းတပင်၌ စပါးအထွက်တိုးရေး တောင်သူပညာပေးပွဲကျင်းပ

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဆတ်ကလေးကျေးရွာ တောင်သူဦးကျော်ဌေး၏ လယ်မြေ ၁၂ ဧကစိုက်ခင်း၌ ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးထားရှိသော ပုလဲသွယ်စပ်မျိုးစပါးအထွက်နှုန်း တင်း ၂၀၀အထက် ထွက်ရှိရေး ပြိုင်ပွဲဝင်စံပြကွက်အောင်မြင်ဖြစ်ထွန်းနေမှုများကို မတ် ၁၁ ရက်က ဒေသခံတောင်သူများအား လက်တွေ့ပြသပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်ဝင်း၊ တိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဦးသိန်းလွင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးစန်းလွင်တို့က တက်ရောက်လာကြသော ဒေသခံတောင်သူများအား သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းစနစ်များ၊ စပါးအထွက်နှုန်းတိုးတက်ရေးနှင့် မျိုးကောင်း မျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ကြရန် ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (ဝ၄၈)

အခွန်ဆိုင်ရာစီမံခန့်ခွဲမှု ကွန်ပျူတာအသုံးပြုနည်း သင်တန်းဆင်း

မုံရွာ မတ် ၁၆

ပြည်တွင်းအခွန်များဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး၌ အခွန်ဆိုင်ရာ စီမံခန့်ခွဲမှု ကွန်ပျူတာစနစ် e-RTS အသုံးပြုနည်း သင်တန်းဆင်းပွဲကို မတ် ၁၃ ရက် မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးညီညီထင်ပေါ်က အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရ ဒုတိယဦးစီးမှူး ဒေါ်မာမာသင်း၊ ဒုတိယဆုရ ဦးစီးအရာရှိ ဒေါ်သီတာမိုး၊ တတိယဆုရ ဒုတိယဦးစီးမှူး ဒေါ်ရီရီမာတို့အား တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးက ဆုချီးမြှင့်သည်။ အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၂ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်အခွန်ဦးစီးဌာန)

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသည့် ကျောင်းသား ကျောင်းသူများအား မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းစာစစ်ဌာန၌ ကူညီဆောင်ရွက်ပေး

မော်လမြိုင်ကျွန်း မတ် ၁၆

မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းအခြေခံပညာအထက်တန်းကျောင်းကို စာစစ်ဌာနအသစ်အဖြစ် ၂၀၁၂ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲမှစ၍ ဖွင့်လှစ် ခွင့်ပြုခဲ့ရာ မတ် ၁၂ ရက် နံနက် ၁၀ နာရီက မော်လမြိုင်ကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်နှင့် မြို့နယ်တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးကော်မတီဝင်များသည် လှိုင်းဘုန်းအခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး လှိုင်းဘုန်းစာစစ်ဌာနအသစ်တွင် ဖြေဆိုလျက်ရှိသော ကျောင်းသား ကျောင်းသူများအား သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို ကူညီစီစဉ်ဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် အလယ်ရေကျော်ကျေးရွာမှ လှိုင်းဘုန်းစာစစ်ဌာနအသစ်သို့ တက္ကသိုလ်ဝင်စာမေးပွဲလာရောက်ဖြေဆိုကြသော ကျောင်းသား ကျောင်းသူများ တည်းခိုနေထိုင်သည့် တည်းခိုဆောင်များအား ကြည့်ရှုပြီး လိုအပ်သည်များကို ကူညီစီစဉ်ပေးခဲ့ကြောင်း သိရှိရသည်။ (ဝ၆၅)

ကျေးလက်ကျန်းမာရေးဌာနခွဲသစ် မှော်ဘီ၌ ဖွင့်

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနအောက်ရှိ နှင်းဆီမြိုင်ရွာသစ်ကုန်း ကျေးလက်ကျန်းမာရေးဌာနခွဲသစ် အဆောက်အအုံဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို မတ် ၁၁ ရက် နံနက် ၉ နာရီက အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးအေးကိုကို၊ မှော်ဘီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ငြိမ်းနှင့် ဆေးခန်းဖြစ်မြောက်ရေးကော်မတီဝင် ဦးလူအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးအေးကိုကို**(အောက်ပုံ)**နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားခဲ့ကြောင်းနှင့် အခမ်းအနားသို့ အလှူရှင်များ၊ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများတက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တောင်ကြီး၌ ဟောပြော

တောင်ကြီး မတ် ၁၆

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး (တောင်ကြီး) သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲနှင့် ဗီနိုင်းလ်ပိုစတာပြပွဲကို မတ် ၈ ရက်က ကန်အောက်ရပ်ကွက် မင်းကျောင်း ပရိယတ္တိစာသင်တိုက် ယဉ်ကျေးလိမ္မာသင်တန်း၌ ကျင်းပရာ စစ်ဆေးရေးမှူး (၂)ဦးဇော်ကိုကိုဖေက မော်တော်ဆိုင်ကယ်စီးနင်းသူများ အပါအဝင် လမ်းအသုံးပြုသူများ သိသင့်သည့် အချက်များကိုလည်းကောင်း၊ ယာဉ်ထိန်းဌာနမှ ရဲအုပ်မြင့်အောင်က ယာဉ်တိုက်ခိုက် တိမ်းမှောက်မှု အန္တရာယ်များအကြောင်းကိုလည်းကောင်း ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မတ် ၁၆

ဆိပ်ကြီးခနောင်တိုမြို့နယ် ခနောင်တိုအရှေ့ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မိုးပွင့်အဆင့်(၂) စီမံချက်ဖြင့် မတ် ၉ ရက်က ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးဌာနမှူး ဦးကြည်ဝင်း ကြီးကြပ်မှုဖြင့်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးငွေသောင်းနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၆

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (၁၇) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို မတ် ၃၀ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး အစည်းအဝေးနှင့်အတူ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်းဝင်များ၏ ထုတ်ကုန်ပစ္စည်းဈေးရောင်းပွဲကိုပါ ကျင်းပမည်ဖြစ်ကြောင်းသိရှိရသည်။

(အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း)

ပုံပိုးချေးငွေထုတ်ပေး

ပုသိမ် မတ် ၁၆

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ပုသိမ်မြို့နယ်အတွင်းရှိ သမဝါယမအသင်းသားများအား ချေးငွေများထုတ်ပေးလျက်ရှိရာ မတ် ၉ ရက်က သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဒေါ်စန္ဒာမြင့်နှင့်အဖွဲ့က ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့နယ်ခွဲ မကျီးကျေးရွာနှင့် သဘော့ကန်ကျေးရွာများရှိ အသင်းသားများ ဝက်မွေးမြူရန်နှင့် အုန်းခြံလုပ်ငန်းအတွက် သက်ဆိုင်ရာ သမဝါယမအသင်း ဥက္ကဋ္ဌများသို့ ချေးငွေကျပ်သိန်း ၁၀၀ထုတ်ချေးခဲ့သည်။ယနေ့ထိ သမဝါယမအသင်းပေါင်း ၂၁ သင်း၊ အသင်းသား ၁၈၉၉ ဦးထံသို့ ထုတ်ချေးငွေကျပ် ၉၇၀ ဒသမ ၅ သိန်းကို ထုတ်ချေးပြီးဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် သ/မဦးစီး)

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဂျပန်စီးပွားရေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၁၆

ဂျပန်နိုင်ငံ Marubeni Corporation, Agricultural Product Department မှ အထွေထွေမန်နေဂျာ Mr.Hiroshi Mochizuki နှင့်အဖွဲ့သည် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များအား မတ် ၁၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဓာတ်မြေဩဇာသွင်းအားစုများနှင့် စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ၊ ဆန်စပါးလုပ်ငန်းဆိုင်ရာ ခေတ်မီသိုလှောင်မှု၊ ပြုပြင်ကြိတ်ခွဲမှုနှင့် တင်ပို့မှုများ၊ ဆိပ်ကမ်းများတွင် ရင်းနှီးမြှုပ်နှံခြင်းများ၊ မြန်မာ့ဆန်ဖြူများ ဝယ်ယူခြင်းများ အစရှိသော ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၆၈)

ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန် ပန္နက်တင်

မအူပင် မတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ရွှေတောင်မှော်ကျေးရွာအုပ်စု ဗိုလ်တဲစုကျေးရွာတွင် နိုင်ငံတော်မတည်ငွေနှင့် အလှူရှင်များစုပေါင်းလှူဒါန်းငွေဖြင့် ဆောက်လုပ်မည့် ကျေးရွာစာကြည့်တိုက် ပန္နက်တင်မင်္ဂလာအခမ်း အနားကို မတ် ၂ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ဆောက်လုပ်မည့် နေရာ၌ ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် မအူပင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လှိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်လင်းထွန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်ဝင်းတို့က စာကြည့်တိုက်ကို ပန္နက်တင်ခဲ့ကြပြီး စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ စာကြည့်တိုက်ဆောက်လုပ်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

● *ကျောဖုံးမှ*

ယင်းအဆိုနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဆွေးနွေးရန်မရှိကြောင်းတင်ပြပြီး ပြင်ဆင်ချက်အဆိုအား လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းအဆို၏ နောက်ဆက်တွဲ -၂ တွင် ပြင်ဆင်ချက်များအပါအဝင် နောက်ဆက်တွဲ-၂ တစ်ခုလုံးသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်ကြောင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက **၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း တစ်ရပ်လုံး**ကို လွှတ်တော်က အတည်ပြုနိုင်ရန် အဆိုတင်သွင်းသည်။

ယင်းအဆိုအား ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့်က ထောက်ခံဆွေးနွေးပြီး ယင်းအဆိုအား လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က ယနေ့ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ လာမည့် ၂၀-၃-၂၀၁၂ ရက်မှစပြီး ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောကို ပြည်ထောင်စုလွှတ်တော်တွင် စတင်ဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီးဖြစ်သော ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များဖြင့် ကိုက်ညီသော ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဆောလျင်စွာပေးပို့ရန် ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က **နိုင်ငံတကာပါလီမန်ဆိုင်ရာသမဂ္ဂ (Inter-Parliamentary Union-IPU) သို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်က အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေးကိစ္စနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် မြန်မာနိုင်ငံပါလီမန်အဖွဲ့အား သင့်တော်သည့်ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းရန်** တို့ကို လွှတ်တော်သို့တင်ပြရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က **၂၀၁၂ ခုနှစ် ဧပြီလ ၂ ရက်မှ ၃ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင်ကျင်းပပြုလုပ်မည့် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်/အကြီးအကဲများနှင့် အာဆီယံပါလီမန်အမတ်များ ညီလာခံခေါင်းဆောင်များ အစည်းအဝေးမတိုင်မီ အာဆီယံပါလီမန်အမတ်များ ညီလာခံ ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်(မူကြမ်း)ကို ဆွေးနွေးမည့် အကြိုညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယကအနေဖြင့် လွှတ်တော်များ၏ လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများ၊ နောင်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မိန့်ခွန်းအား ပြောကြားမည်ဖြစ်ကြောင်း** လွှတ်တော်သို့တင်ပြရာ လွှတ်တော်က သဘောတူသည့်အတွက် မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဥပဒေကြမ်းလေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ဆွေးနွေးတင်ပြခြင်းကဏ္ဍတွင် **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဆိုင်ပေါင်းနပ်က လည်းကောင်း၊ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးမြင့်ထွန်းကလည်းကောင်း၊ **၂၀၁၁ ခုနှစ် လယ်ယာမြေဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးသောင်းက လည်းကောင်း ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်အားဖော်ပြ၍ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့နိုင်ကြောင်း သိရှိရသည်။

ယနေ့အစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင်ရပ်နားပြီး အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို မတ် ၁၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ခြေလျင်၊ အမြောက်နှင့် သံချပ်ကာတပ်ဖွဲ့များ၏ ပူးပေါင်းစစ်ဆင်မှု လေ့ကျင့်ခန်းအား တက်ရောက်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ခြေလျင်၊ အမြောက်နှင့် သံချပ်ကာတပ်ဖွဲ့များ၏ ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှု

နေပြည်တော် မတ် ၁၆

တပ်မတော်၏နိုင်ငံတော်ကာကွယ်ရေး စွမ်းရည်မြင့်မားလာစေရန် ရည်ရွယ်၍ ပြုလုပ်သော ခြေလျင်၊ အမြောက်နှင့် သံချပ်ကာတပ်ဖွဲ့များ၏ ပူးပေါင်းစစ်ဆင်မှု လေ့ကျင့်ခန်းအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ရှုရပ်ကုန်း၌ လေ့ကျင့်ခန်းတွင်ပါဝင်သည့် တာဝန်ရှိသူတစ်ဦးက လေ့ကျင့်ခန်းအကြောင်းအရာဖြစ်စဉ်နှင့် ပတ်သက်၍ သဲမြေပုံဖြင့်ရှင်းလင်းမှုအား ကြည့်ရှုသည်။

ထို့နောက် လေ့ကျင့်ခန်းအစီအစဉ်အရ ခြေလျင်နှင့် တင့်တပ်ဖွဲ့များသည် လေ့ကျင့်ခန်းနေရာ၏ ရှေ့တန်းစုရပ်မှ ခွဲလွှတ်ရပ်သို့ လည်းကောင်း၊ ယင်းမှစီရပ်သို့လည်းကောင်း ချီတက်၍ စီရပ်တွင် တိုက်ပွဲဝင်ပုံစံဖြင့် တပ်ဖြန့်မှုအား ဆောင်ရွက်ကြသည်။

ထိုကဲ့သို့ တပ်များရှေ့တန်းစုရပ်မှ စီရပ်နှင့်စမျဉ်းသို့ ချီတက်နေချိန်တွင် ပါဝင်လုပ်ဆောင်သည့် အမြောက်တပ်ဖွဲ့မှ ရန်သူပစ်မှတ်များအား ကြိုတင်ချေမှုန်းပစ်ခတ်ခြင်းအား စတင်ဆောင်ရွက်ကြပြီး တိုက်ပွဲပုံစံအဆင့်ဆင့်အတိုင်း ခြေလျင်နှင့် တင့်တပ်ဖွဲ့များကဖောက်ဝင်၍ ရန်သူကို ချေမှုန်းတိုက်ခိုက်ခြင်းများ ဆောင်ရွက်ကြသည်။

ထိုအချိန်တွင် ရန်သူ၏ အမြောက်စခန်းနေရာနှင့် နောက်ပိုင်းလုံခြုံရေးအဖွဲ့များအား သရုပ်ပြကွန်မန်ဒိုတပ်စုနှင့် သံချပ်ကာတပ်စုတို့ ပူးပေါင်းစီးနင်းတိုက်ခိုက်ခြင်းနှင့် ရန်သူအားလွတ်ထွက်မသွားစေရန် ပိတ်ဆို့ခြင်းများအား ဆောင်ရွက်ကြပြီး လေ့ကျင့်ခန်းပြီးဆုံးရပ်နားခဲ့သည်။

ထို့နောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က တာဝန်ရှိသူများအား တွေ့ဆုံမှာကြားရာတွင် ယခုလေ့ကျင့်ခန်းသည်နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်များ၏ စွမ်းရည်မြှင့်တင်မှုတွင် အလွန်အရေးပါကြောင်း၊ တိုက်ပွဲသဘောသဘာဝကို သိရှိနိုင်ရန်အတွက် တိုက်ပွဲပုံသဏ္ဍာန်ပုံဖော်၍ သရုပ်ပြသခြင်းဖြစ်ကြောင်း၊ ယခုလေ့ကျင့်ခန်းအား မှန်မှန်ကန်ကန် လေ့လာသုံးသပ်ပုံဖော်ရန်လိုကြောင်းနှင့် မည်သည့်နေရာတွင်မဆို ကြိုတင်စီမံမှုသည် အလွန်အရေးကြီးကြောင်း၊ မိမိတပ်ဖွဲ့၊ လက်နက်၊ ခဲယမ်းများအပေါ် ယုံကြည်မှုရှိရန်နှင့် အချိန်ကိုက်ညီမှု၊ ဟန်ချက်ညီမှုတို့အား စနစ်တကျလေ့ကျင့်ရန် လိုကြောင်း၊ အဓိကအားဖြင့် ပါဝင်လုပ်ဆောင်ကြမည့် တပ်ဖွဲ့အသီးသီးအနေဖြင့် နေရာတိုင်းတွင်ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ဘဝအမောပြေ

စေတနာပါ

အာကာဟိန်း-ရေးသားသည်

မူလတန်းကျောင်းသားတစ်ဦးက ကျောင်းမှအပြန် အိမ်၌ မိခင်ဖြစ်သူအား ဝမ်းသာအားရ ပြောပြလေသည်။

သား ။ ။ အမေ…ဒီနေ့ ကျောင်းမှာ အတန်းပိုင်ဆရာမကို သား ကူညီလိုက်တယ်။
မိခင် ။ ။ ဟုတ်လား…ပြောပြပါဦး။
သား ။ ။ ဆရာမထိုင်တဲ့ ထိုင်ခုံမှာ သံချောင်းတစ်ချောင်းထောင်နေတာ သား တွေ့လိုက်တယ်။
မိခင် ။ ။ ဟုတ်လား…အဲဒီတော့….
သား ။ ။ ဆရာမက ကျောက်သင်ပုန်းမှာ မြေဖြူနဲ့စာရေးပြီး သားတို့ကို စာသင်နေတော့ မတွေ့ဘူးပေါ့။
မိခင် ။ ။ ဟုတ်တာပေါ့။
သား ။ ။ သားက ဆရာမထိုင်ခုံနားကို အမြန်သွားပြီး ရပ်နေလိုက်တယ်။
မိခင် ။ ။ ဟုတ်ပြီ သား…ဆက်ပြောပါဦး။
သား ။ ။ ဆရာမက နောက်ကိုမကြည့်ဘဲ ထိုင်ခုံပေါ် ထိုင်ချလိုက်တဲ့အချိန်မှာ…
မိခင် ။ ။ အဲဒီတော့…
သား ။ ။ သားက ထိုင်ခုံကို မပြီး ဘေးကိုဖယ်ပေးလိုက်တာပေါ့။
မိခင် ။ ။ "ဟယ်…"

အမျိုးသားသတင်းဆု ချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် မတ် ၁၆

မတ် ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်း အမျိုးသားဇာတ်ရုံ၌ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် အမျိုးသားသတင်းဆု ကော်မတီတို့ ကြီးမှူး၍ အမျိုးသားသတင်းဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်ရာ ဂျာနယ်၊ မဂ္ဂဇင်း၊ မီဒီယာလောကသားများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်နိုင်ရန် ဖိတ်စာများပေးပို့ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရွှေဖီဦးလက်ဖက်ခူးကြပြီ

သီပေါ မတ် ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လက်ဖက်ထွက်ရှိရာဒေသသီပေါ၊ ကျောက်မဲမြို့နယ်များသို့ မြန်မာနိုင်ငံမြေပြန့်ဒေသ ရွှေဘို၊ မြင်းမူ၊ ကျောက်ဆည်၊ မြင်းခြံ၊ နွားထိုးကြီး စသည့် အနယ်နယ်အရပ်ရပ်မှ လက်ဖက်ခူးလုပ်သားများမတ်လဆန်းမှစတင်ကာ တဖွဲဖွဲရောက်ရှိလာပြီး ယခုအခါ တောင်ပေါ်ဒေသများဖြစ်သည့် နမ့်ဆန်၊ ကွန်ဟောက်၊ ကွန်ဟယ်၊ ဟူးကွက်၊ ဟူးမွန်၊ ပန်ကွမ်၊ ပန်ခံ၊ တော့ဆန်၊ မိုင်းငေါ့ စသည့်ဒေသများ၌ ရွှေဖီဦးလက်ဖက်များကို တပျော်တပါး ဆွတ်ခူးလျက်ရှိကြကြောင်း သိရှိရသည်။ (၀၇၂)

မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရုံး (ILO)တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် မတ် ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) တို့သည် မြန်မာနိုင်ငံ၌ အဓမ္မခိုင်းစေမှုပပျောက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

ထိုသို့ လက်မှတ်ရေးထိုးရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရကိုယ်စား အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရုံး (ILO)ကိုယ်စား ရန်ကုန်မြို့ရှိ (ILO) ဆက်သွယ်ရေးအရာရှိတို့က လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**

လက်ရှိအခြေအနေတွင် အဓမ္မခိုင်းစေမှု ပပျောက်ရေးအတွက် နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားပြီး အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အဓမ္မခိုင်းစေမှုများ ၂၀၁၅ ခုနှစ်၌ လုံးဝပပျောက်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချမည်

နေပြည်တော် မတ် ၁၆

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနက အိမ်ရှင်နိုင်ငံအဖြစ်ဦးဆောင်၍ နေပြည်တော်၌ ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော (The 11th ASEAN TELMIN/The 12th ASEAN TELSOM) (၁၀၀ကျပ် နှင့် ၂၀၀ကျပ်)တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်ကို မတ် ၁၉ ရက်(တနင်္လာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် ဆက်သွယ်ရေးစခန်း(စာတိုက်)များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ မတ် ၁၉ ရက် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်၌ နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းပဒေသာ

မိုးမြင့်လင်းလက် – စုစည်းသည်

ဩစတြေးလျအနောက်ပိုင်းသို့ မုန်တိုင်းရွေ့လျားနေ၊ ဒေသခံများအား သတိပေးချက်ထုတ်ပြန်

ဆစ်ဒနီ မတ် ၁၆

ဩစတြေးလျနိုင်ငံအနောက်ပိုင်း ကမ်းရိုးတန်းဒေသများသို့ လူရာအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်နိုင်မည့် အခြေအနေကြောင့် ဒေသခံပြည်သူများ၊ သတ္တုကုမ္ပဏီများနှင့် ဆက်သွယ်ရေးလုပ်ငန်းများအား သတိပေးချက်ထုတ်ပြန်ထားကြောင်း မတ် ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ယာပုံ)**



လူရာမုန်တိုင်းသည် ဩစတြေးလျအနောက်ဘက် ကမ်းလွန်ပင်လယ်ပြင်တွင် စတင်ဖြစ်တည်နေရာမှ တဖြည်းဖြည်း အင်အားကောင်းလာပြီး လာမည့် ၄၈ နာရီတွင် ဩစတြေးလျအနောက်ပိုင်း ပီလ်ဘာရာနှင့် ကမ်ဘာလေကမ်းရိုးတန်းဒေသများသို့ ဦးတည်ရွေ့လျားလျက်ရှိသည်။

ယင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ပါက မိုးသည်းထန်ခြင်း၊ ရေလွှမ်းခြင်းနှင့် နေအိမ်အဆောက်အအုံများ ပျက်စီးခြင်းများဖြစ်ပေါ်နိုင်သဖြင့် ဒေသခံပြည်သူများ ဘေးကင်းရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန်လည်း ဩစတြေးလျအသံလွှင့်ဌာနက သတိပေးချက်ထုတ်ပြန်ပေးလျက်ရှိသည်။ ထို့အပြင် ဩစတြေးလျအနောက်ပိုင်းဒေသရှိ ဓာတ်ငွေ့နှင့် ရေနံတူးဖော်ရေးလုပ်ငန်းများလည်း ရပ်ဆိုင်းထားရန်နှင့် သတ္တုတွင်းလုပ်ငန်းများလည်း ပိတ်ထားကြရန် သတိပေးချက်ထုတ်ပြန်ထားသည်။ **(အင်တာနက်)**

နယူးဇီလန်ကမ်းလွန်၌ ငါးဖမ်းသင်္ဘောနစ်မြုပ် ခုနစ်ဦးပျောက်ဆုံးနေ

ဝယ်လင်တန် မတ် ၁၆

နယူးဇီလန်နိုင်ငံ ဆောက်သ်ကျွန်းနှင့် စတီးဝပ်ကျွန်းအကြား ပင်လယ်ပြင်တွင် ငါးဖမ်းသင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ ကလေးငယ်နှစ်ဦးအပါအဝင် ခုနစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း နယူးဇီလန်အသံလွှင့်ဌာနက မတ် ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ ငါးဖမ်းသင်္ဘောသည် ပင်လယ်ပြင်၌ ရာသီဥတုဆိုးရွားပြီး လေပြင်းများတိုက်ခတ်ရာမှ ကြီးမားသောရေလှိုင်းကြီးများ ရိုက်ခတ်မှုကြောင့် နစ်မြုပ်ခဲ့ရခြင်းဖြစ်သည်။ ငါးဖမ်းသင်္ဘောနစ်မြုပ်ရာသို့ နယူးဇီလန်ရေတပ်မှ ရဟတ်ယာဉ်များနှင့် ကယ်ဆယ်ရေးရေယာဉ်များစေလွှတ်ပြီး ကယ်ဆယ်ရေးဆောင်ရွက်ခဲ့သည်။ သို့သော် ၎င်းငါးဖမ်းသင်္ဘောနစ်မြုပ်ပြီး ၁၈ နာရီခန့်ကြာမှ ကင်းလှည့်သင်္ဘောတစ်စင်းကတွေ့ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရသဖြင့် ပျောက်ဆုံးနေသူများမှာ အသက်ရှင်နိုင်ဖွယ်မရှိကြောင်း ၎င်းတို့ကပြောကြားသည်။ **(အင်တာနက်)**

ဆိုးလ်မြို့ရှိ ရေသန့်စင်စက်ရုံမီးလောင် တစ်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရရှိ

ဆိုးလ် မတ် ၁၆

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ အနောက်မြောက်ပိုင်း ဂိုယန်အရပ်တွင် ရေသန့်စင်စက်ရုံ မတ် ၁၆ ရက်က မီးလောင်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း တောင်ကိုရီးယားမီဒီယာများက သတင်းထုတ်ပြန်သည်။

ဖြစ်ပွားမှုမှာ ၎င်းရေသန့်စင်စက်ရုံရှိ ဓာတ်ငွေ့အိုးပေါက်ကွဲမှုဖြစ်ရာမှ စက်ရုံအဆောက်အအုံ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ စက်ရုံမီးလောင်မှု ဖြစ်ပွားသည့်အချိန်မှာ ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်၌ဖြစ်သည်။ **(ယာပုံ)**

အဆိုပါစက်ရုံတွင် အသုံးပြုလျက်ရှိသော ဂျင်နရေတာမှာလည်း သက်တမ်းရင့်ဟောင်းနွမ်းနေပြီဖြစ်ရာ အသစ်လဲလှယ်ရန်စီစဉ်နေသည့် စက်ရုံလည်းဖြစ်သည်။ ဓာတ်ငွေ့အိုးပေါက်ကွဲမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အသေးစိတ်ကို မီးသတ်တပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်းနှင့် ဒဏ်ရာရရှိသူများကို ဆေးရုံသို့တင်ပို့ထားကြောင်း မီးသတ်တပ်ဖွဲ့ဝင်များက ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၁၆-၃-၂၀၁၂)

တင်မောင်လွင် – စုစည်းသည်

အမေရိကန်နိုင်ငံမှ ရဟတ်ယာဉ် ၁၅ စင်း တူရကီဝယ်ယူ

တူရကီအမျိုးသားရဲတပ်ဖွဲ့သည် အမေရိကန်နိုင်ငံ ဘဲလ်ရဟတ်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီမှ ရဟတ်ယာဉ် ၁၅ စင်းကို ဝယ်ယူရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း၊ အဆိုပါရဟတ်ယာဉ်များကို လာမည့်နှစ်တွင် စတင်ပေးအပ်နိုင်မည်ဟု မျှော်လင့်ထားကြောင်း အမေရိကန်ရဟတ်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက မတ် ၁၅ ရက်တွင် ပြောကြားသည်။

အဆိုပါ သဘောတူလက်မှတ်ရေးထိုးပွဲကို တူရကီနိုင်ငံအန်ကာရာမြို့၌ ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ပြုလုပ်ကျင်းပခဲ့ပြီး အခမ်းအနားသို့ ကနေဒါသံအမတ်ဂျိုးစ်ဟိုမက်စ်၊ တူရကီစက်မှုကာကွယ်ရေးအရာရှိ မူရတ်ဘေယာ၊ အမေရိကန်သံအမတ်နှင့် တူရကီရဲတပ်ဖွဲ့မှ အရာရှိများအပါအဝင် အရာရှိပေါင်း ၂၀ တို့ တက်ရောက်ခဲ့သည်ဟု ဆိုသည်။ ဘဲလ်ရဟတ်ယာဉ်များသည် အရပ်ဘက်နှင့် စစ်ဘက်နှစ်မျိုးစလုံးပါ အသုံးပြုရန် ထုတ်လုပ်ထားခြင်းဖြစ်ပြီး တူရကီအဆင့်မြင့်အရာရှိကြီးများ ဥရောပနှင့် အမေရိကန်နိုင်ငံရဟတ်ယာဉ်ထုတ်လုပ်ရေးသို့ အလည်အပတ်ရောက်ရှိစဉ် ထိုသို့ဝယ်ယူရန်အတွက် ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဦးချိုပါဒိုင်နိုဆောမျိုးစိတ်သစ်နှစ်မျိုး သိပ္ပံပညာရှင်များတွေ့ရှိ

ကနေဒါနိုင်ငံတွင် ရှာဖွေ တွေ့ရှိခဲ့ပြီး အမေရိကန်နိုင်ငံမြောက်ပိုင်း အိုဟိုင်းယိုးပြည်နယ်ရှိ ကလီဗီလန်သဘာဝပြတိုက်၌ ပြသထားသည့် ကျောက်ဖြစ်ရုပ်ကြွင်းသည် နှစ်သန်းပေါင်း ၇၅ သန်းမှ ၈၃ သန်းကြားတွင် အသက်ရှင်နေထိုင်သည့် အပင်စား ***ဦးချိုပါ ဒိုင်နိုဆောမျိုးစိတ်သစ်နှစ်မျိုးဖြစ်ကြောင်း*** *(အပေါ်ပုံ)* ***အဆိုပါပြတိုက်မှတာဝန်ရှိသူများက မတ် ၁၅ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။***

အဆိုပါ မျိုးစိတ်သစ်များသည် Leptoceratopsidae အမည်ရှိ ဦးချိုပါဒိုင်နိုဆောမျိုးရိုးမိသားစုမှဖြစ်ပြီး လွန်ခဲ့သည့် နှစ်သန်းပေါင်း ၇၅သန်းမှ ၈၃ သန်းကြား ၎င်းတို့၏ အသက်ရှင်နေထိုင်မှုအတွက် အပင်များကိုစားသောက်သည်ဟု ယုံကြည်ကြောင်း အဆိုပါပြတိုက်မှ ကျောရိုးရှိသတ္တဝါများ၏ ပြတိုက်တာဝန်ခံနှင့် သိပ္ပံပညာရှင်ခေါင်းဆောင်ဖြစ်သူ မိုက်ကယ်အာယန်းက ပြောကြားသည်။

တူရကီအရပ်သား ၂၄ ဦး အီရတ်နိုင်ငံ၌ ပျောက်နေဟုဆို

အီရတ်နိုင်ငံအတွင်းသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသော တူရကီအလုပ်သမား ၂၄ ဦးမှာ ရက်သတ္တသုံးပတ်တိုင် မိသားစုများနှင့် အဆက်အသွယ်ပြတ်နေကြောင်း တူရကီသတင်းစာ တူဒေးဇမန်းက မတ် ၁၅ ရက်က ဖော်ပြသည်။ အဆိုပါတူရကီအလုပ်သမားများ မည်သို့ဖြစ်ပျက်ရင်ဆိုင်နေရသည်ကို ကူညီစုံစမ်းပေးရန် ကျန်ရစ်သည့် မိသားစုဝင်များက တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကူအညီတောင်းထားသည်ဟုဆို၏။ နံရံနှင့်ကြမ်းခင်းကြွေပြားခင်းကုမ္ပဏီတစ်ခုက ငှားရမ်းသည့် တူရကီအလုပ်သမားများမှာ တူရကီနိုင်ငံအရှေ့ပိုင်း ကေဆာရီပြည်နယ် တီပက်ကျေးရွာမှ အီရတ်နိုင်ငံ ကာဘာလာမြို့သို့ လွန်ခဲ့သည့် ရက်သတ္တသုံးပတ်က ထွက်ခွာသွားခဲ့ခြင်းဖြစ်သည်။ ***(အင်တာနက်)***

ယူရိုပါလိဂ်၌ မန်ယူတို့ရှုံးပွဲကြုံတွေ့ မန်စီးတီးနိုင်သော်လည်း ပြိုင်ပွဲမှထွက်ခဲ့ရ

အာကာဟိန်း - စုစည်းသည်

ဘီလ်ဘာအို မတ် ၁၆

ယူရိုပါလိဂ်ဘောလုံးပြိုင်ပွဲများကို မတ် ၁၆ ရက် နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားရာ ဘီလ်ဘာအိုနှင့် မန်ယူတို့ပွဲတွင် မန်ယူက နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးပွဲကြုံတွေ့ခဲ့သော်လည်း မန်စီးတီးနှင့် စပို့တင်းလစ္စဘွန်းတို့ပွဲတွင် မန်စီးတီးတို့က နိုင်ပွဲရရှိခဲ့သည်။

အဝေးကွင်း၌ကစားရသောမန်ယူတို့ အနိုင်ရလိုစိတ်ပြင်းပြင်းဖြင့် ကစားခဲ့သော်လည်း အိမ်ရှင်ဘီလ်ဘာအိုတို့က အချိတ်အဆက်မိမိ အကွက်စေ့စေ့ဖြင့် ကစားခဲ့ရာ မန်ယူတို့ ထင်တိုင်းမပေါက်ခဲ့ချေ။ ဘီလ်ဘာအိုအတွက် အဖွင့်ဂိုးကို ပွဲချိန် ၂၃ မိနစ်၌ လောရင်တေးက သွင်းယူနိုင်ခဲ့သည်။ မန်ယူတို့ ပထမပိုင်းပွဲချိန်အတွင်း ချေပဂိုး မသွင်းနိုင်ခဲ့ချေ။ ဒုတိယပိုင်းပွဲချိန် ၆၅ မိနစ်၌ ဘီလ်ဘာအိုမှ မာလော့စ်က တစ်ဂိုးထပ်သွင်းယူခဲ့သဖြင့် ဘီလ်ဘာအိုတို့ နှစ်ဂိုး ရရှိခဲ့သည်။ မန်ယူအတွက် ပွဲချိန်မိနစ် ၈၀ ၌ ရွန်းနေက ချေပဂိုးတစ်ဂိုးသွင်းယူခဲ့၍သာ ပွဲအပြီး ဂိုးပြတ်မရှုံးဘဲ မန်ယူတို့ နှစ်ဂိုး-တစ်ဂိုးဖြင့်သာ ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

နောက်ထပ်ပွဲစဉ် တစ်ပွဲဖြစ်သည့် မန်စီးတီးနှင့် စပို့တင်းလစ္စဘွန်းတို့ပွဲတွင် မန်စီးတီးတို့ အနိုင်ရသော်လည်း အိမ်ကွင်း၌ ပေးဂိုးများကြောင့် ရှုံးနိမ့်၍ ယူရိုပါလိဂ်ပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သည်။ ညီ့သည် စပို့တင်းလစ္စဘွန်းမှ ဖာနန်ဒက်ဇ်က ပွဲချိန် ၃၃ မိနစ်၌ အဖွင့်ဂိုးသွင်းယူခဲ့သည်။ တစ်ဖန် ပွဲချိန် မိနစ် ၄၀ ၌ ဝုဖ်ဆွမ်ကီလ်က စပို့တင်းလစ္စဘွန်းအတွက် ဒုတိယဂိုးထပ်မံသွင်းယူခဲ့သဖြင့် ပထမပိုင်းပွဲချိန်အတွင်း စပို့တင်းလစ္စဘွန်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းပွဲချိန် မိနစ် ၆၀ ၌ မန်စီးတီးအတွက် အဂွီရိုက ချေပဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ပွဲချိန် ၇၅ မိနစ်တွင် ဘာလော့တယ်လီက ပယ်နယ်တီမှ တစ်ဆင့် ဂိုးသွင်းယူခဲ့ပြီး ၈၂ မိနစ်၌ အဂွီရိုက အနိုင်ဂိုးသွင်းယူခဲ့သဖြင့် ပွဲအပြီး မန်စီးတီးက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ **(အင်တာနက်)**

ယူရိုပါလိဂ်ပွဲစဉ်အဖြစ် ဘီလ်ဘာအိုနှင့် မန်ယူတို့ယှဉ်ပြိုင်ကစားရာ ဘီလ်ဘာအိုတို့ ဤသို့ထိုးဖောက်ကစားခဲ့သည်။

အခြားပွဲရလဒ်များ

ဟန်နိုဗာ ၄ - ၀	စတန်းဒက်လိဂ်
ပီအက်စ်ဗွီအင်ဒိုဗင် ၁-၁	ဗလင်စီယာ
အူဒီနီးစ် ၂-၁	အေဇက်အယ်ခမာ
ရှော်ကေး ၄-၁	အက်ဖ်စီတွမ်တီး

နိုင်ငံတကာအနုပညာ နိုင်ငံတကာအနုပညာ

မောင်မောင်မြင့်ဆွေ – စုစည်းသည်

ရုပ်ရှင်ကားတွေ ဆက်တိုက်ရိုက်ကူးနေတဲ့ ရုပ်ရှင်မင်းသမီး ဂျင်နီဖာလောရင့်

လော့စ်အိန်ဂျလိစ် မတ် ၁၆

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဂျင်နီဖာလောရင့်ဟာ Catching Fire လို့ အမည်ပေးထားတဲ့ ရုပ်ရှင်ကားမှာ ပါဝင်သရုပ်ဆောင်ဖို့အတွက် မတ် ၁၅ ရက်က သဘောတူလက်မှတ်ရေးထိုးလိုက်ပြီဖြစ်လို့ မကြာခင်မှာ အဲဒီဇာတ်ကား စတင်ရိုက်ကူးတော့မှာ ဖြစ်ပါတယ်။

အသက် ၂၁ နှစ်အရွယ်သာရှိသေးတဲ့ ဂျင်နီဖာလောရင့်ဟာ အဲဒီဇာတ်ကားမှာအက်ရှင်ဇာတ်ဝင်ခန်းတွေများတာမို့ သူမအနေနဲ့ ထူးခြားတဲ့ သရုပ်ဆောင်မှုတွေကို ပရိသတ်ဆွဲဆောင်နိုင်အောင် အနုပညာအရည်အသွေးပြရတော့မှာဖြစ်ပါတယ်။

ရုပ်ရှင်မင်းသမီးဂျင်နီဖာလောရင့် ***(အပေါ်ပုံ)*** *ဟာ ၂၀၁၂ ခုနှစ်အတွင်းမှာ The Silver Linings Playbook, House at the end of the street နဲ့ The Hunger Games ဇာတ်ကားတွေမှာပါဝင်သရုပ်ဆောင်ခဲ့တဲ့အပြင် ကိုယ်တိုင်ပူးတွဲထုတ်လုပ်သူလည်း လုပ်ကိုင်ခဲ့သူဖြစ်ပါတယ်။ အသက် ၂၀ အရွယ်မှာ X-Men: First Class ဇာတ်ကားနဲ့ အော်စကာဆု ပဏာမအမည်စာရင်းတင်သွင်းခံခဲ့ရသူဖြစ်ပေမယ့် ဆုတော့ရရှိခဲ့ခြင်းမရှိပါဘူး။ ဒါကြောင့် ဟောလိဝုဒ်သမိုင်းမှာ အော်စကာဆု ပဏာမအမည်စာရင်းတင်သွင်းခံရတဲ့ ဒုတိယမြောက်အသက်အငယ်ဆုံးရုပ်ရှင်မင်းသမီးအဖြစ် မှတ်တမ်းတင်ခြင်းခံခဲ့ရသူလည်း ဖြစ်ပါတယ်။*

၂၀၁၂ ခုနှစ်မှာ သူမပါဝင်သရုပ်ဆောင်ထားတဲ့ The Hunger Games ဇာတ်ကားဟာ ပရိသတ်တွေစိတ်ဝင်စားခဲ့ပြီး အော်စကာဆုမှန်းနိုင်တဲ့အထိ ရေပန်းစားနေတဲ့ ရုပ်ရှင်ကားဖြစ်ပါတယ်။ အဲဒီဇာတ်ကားကို အမေရိကန်နိုင်ငံတစ်ဝန်း၌ မတ် ၂၃ ရက်တွင် စတင်ပြသတော့မှာဖြစ်ပါတယ်။ ***(အင်တာနက်)***

မကူးစက်တတ်သောရောဂါများ ကာကွယ်ထိန်းသိမ်းရေး ပြည်သူလူထုအတွင်း ကျန်းမာရေးနှင့် ညီညွတ်အောင် ပြုမူနေထိုင်ရေးကြိုးပမ်း

နေပြည်တော် မတ် ၁၆

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၀၈ ခုနှစ်က ထုတ်ပြန်ခဲ့သည့် စာရင်းဇယားများအရ ကမ္ဘာပေါ်တွင် လူပေါင်း ၅၇ သန်း သေဆုံးခဲ့သည့်အနက် သုံးပုံနှစ်ပုံဖြစ်သည့် ၃၆ သန်းသော သူတို့သည် မကူးစက်တတ်သည့် ရောဂါများကြောင့် သေဆုံးခဲ့ကြခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

မကူးစက်တတ်သောရောဂါများစွာရှိသည့်အနက် နှလုံးသွေးကြောရောဂါများ၊ ကင်ဆာရောဂါများ၊ ဆီးချိုသွေးချိုရောဂါနှင့် နာတာရှည်အဆုတ်ရောဂါများကို အဓိကကျသော မကူးစက်တတ်သည့်ရောဂါများ(Major NCDs)အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ခေါ်ဆိုထားကြောင်း၊ ကမ္ဘာပေါ်တွင် အဓိက မကူးစက်တတ်သော ရောဂါများကြောင့် ရောဂါဝေဒနာခံစားရမှုနှင့် သေဆုံးရမှုနှုန်းများသည် ကူးစက်တတ်သောရောဂါများ၊ မိခင်နှင့် ကလေးရောဂါများနှင့် အာဟာရဆိုင်ရာ ရောဂါများအားလုံးပေါင်းထက် ပိုမိုသာလွန် များပြားနေကြောင်း၊ မြန်မာနိုင်ငံတွင်လည်း မကူးစက်တတ်သောရောဂါများသည် ပြည်သူလူထု၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသည့် ကျန်းမာရေးပြဿနာများအဖြစ် တိုးတက်ဖြစ်ပွားလျက်ရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၁၁ ခုနှစ်တွင် ထုတ်ပြန်သော "ကမ္ဘာ့နိုင်ငံများ၏ မကူးစက်တတ်သည့်ရောဂါဖြစ်ပွားမှုအခြေအနေ စာတမ်း" ၏ ဖော်ပြချက်အရ ၂၀၀၈ ခုနှစ်တွင် မကူးစက်တတ်သည့် ရောဂါများသည် မြန်မာနိုင်ငံအတွင်း သေဆုံးမှုစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းရှိခဲ့သည်ဟု သိရကြောင်း၊ အဆိုပါနှစ်တွင် ကူးစက်တတ်သည့်ရောဂါများ၊ မိခင်နှင့်ကလေးရောဂါများ၊ အာဟာရနှင့် သက်ဆိုင်သည့်ရောဂါများစုစုပေါင်း၏ သေဆုံးမှုသည် ၃၃ ရာခိုင်နှုန်းသာရှိခဲ့ကြောင်း။

ထို့ကြောင့် ယခုအခါတွင် တစ်ကမ္ဘာလုံး၌ မကူးစက်တတ်သောရောဂါများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အဟန့်အတားတစ်ခုအနေဖြင့် ရှုမြင်လက်ခံလာကြကြောင်း၊ ရောဂါအန္တရာယ်ဖြစ်စေသည့် အကြောင်းအချက်များအနေဖြင့် ကျန်းမာရေးနှင့်မညီညွတ်သည့် အစားအသောက်များစားသောက်ခြင်း၊ ကိုယ်ကာယလှုပ်ရှားမှု နည်းပါးခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲခြင်းနှင့် အန္တရာယ်ဖြစ်နိုင်လောက်အောင် အရက်သောက်သုံးခြင်းတို့ဖြစ်ကြောင်း။

၎င်းအကြောင်းအချက်များကြောင့် သွေးတိုးခြင်း၊ သွေးတွင်းအဆီများခြင်းနှင့် အဝလွန်ကဲခြင်းများဖြစ်ပြီး နောက်ဆုံးတွင် နှလုံးသွေးကြောရောဂါများ၊ ကင်ဆာရောဂါများ၊ ဆီးချိုသွေးချိုရောဂါနှင့် နာတာရှည်အဆုတ်ရောဂါများ ဖြစ်ပေါ်လာကြကြောင်း၊ ၎င်းရောဂါများ ကာကွယ်ထိန်းသိမ်းရေးအတွက် ပြည်သူလူထုအတွင်း ကျန်းမာရေးနှင့်ညီညွတ်အောင် ပြုမူနေထိုင်တတ်စေရန်၊ အထောက်အကူဖြစ်သည့် လူမှုပတ်ဝန်းကျင် ပေါ်ထွက်လာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

၂၀၀၈ ခုနှစ် မေလတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နှစ်ပတ်လည် ညီလာခံမှ တစ်ကမ္ဘာလုံးအတွက် ၂၀၀၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း မကူးစက်တတ်သောရောဂါများ ကာကွယ်ရေးဆိုင်ရာ နည်းဗျူဟာနှင့်ပတ်သက်ပြီး လုပ်ငန်းခြောက်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အကြံပြုခဲ့ကြောင်း၊ မကူးစက်တတ်သော ရောဂါများကာကွယ်ရေးမှာ ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ အခြားဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုကဏ္ဍမှာ များစွာအရေးကြီးလှပါကြောင်းဖြင့် ယမန်နေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော် သင်္ဂဟဟိုတယ် Function Hall ခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် မကူးစက်တတ်သော ရောဂါများနှင့် သက်ဆိုင်သည့် အမျိုးသားမူဝါဒ (Multisectoral Meeting to Finalize National Policy on NCDs) အပြီးသတ်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲအခမ်းအနား အပြီးတွင် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ သဘာပတိအဖြစ် အခြေခံကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစန်းစန်းမြင့်အောင်က ဆောင်ရွက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနချုပ် ဂျီနီဗာမှ Chronic Disease Prevention and Management ဌာန Coordinator Dr.P.B. Shanthi Mendis က Integrated Approch to the Prevention of NCDs ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်က Problems of NCDs & Challenges in Myanmar ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဆွေးနွေးပွဲ တက်ရောက်ကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ဆံတော်ရှင်သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးတွင် တည်ဆောက်မည့် ဓာတ်လှေကားသစ်အတွက် ဖေဖော်ဝါရီ ၁၀ ရက်က ဒိုင်းဝန်ကွင်း ဝတ်သစ်ရပ်နေ ဒေါ်ကျုံးနှင့် ဒေါ်မြတို့အား ရည်စူး၍ တူ၊ တူမများ မိသားစုမှ ငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းမြင့်နှင့်ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းမှ လက်ခံရယူစဉ်။

(၁၀၇)

အခွန်ဆိုင်ရာ နည်းဥပဒေများနှင့် စည်းမျဉ်းများထုတ်ပြန်

နေပြည်တော် မတ် ၁၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် အခွန်ဆိုင်ရာနည်းဥပဒေများနှင့် စည်းမျဉ်းများကို ၂၀၁၂ ခုနှစ် မတ်လ ၁၅ ရက် နေ့စွဲဖြင့် ထုတ်ပြန်ခဲ့ရာ အမိန့်ကြော်ငြာစာ အမှတ် ၁၀၂/၂၀၁၂ ဖြင့် ဝင်ငွေခွန်နည်းဥပဒေများကိုလည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် ၁၀၃/၂၀၁၂ ဖြင့် ဝင်ငွေခွန် စည်းမျဉ်းများကို လည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် ၁၀၄/၂၀၁၂ ဖြင့် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများကိုလည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် ၁၀၅/၂၀၁၂ ဖြင့် မြန်မာနိုင်ငံ တံဆိပ်ခေါင်းခွန်နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများကိုလည်းကောင်း အသီးသီးထုတ်ပြန်ခဲ့သည်။

ထို့ပြင် ဝင်ငွေခွန်ဆိုင်ရာ အမိန့်ကြော်ငြာစာ(၇)ခု၊ ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အမိန့်ကြော်ငြာစာ(၉)ခု၊ တံဆိပ်ခေါင်းခွန်ဆိုင်ရာ အမိန့်ကြော်ငြာစာ(၁)ခုနှင့် ရုံးခွန်ဆိုင်ရာ အမိန့်ကြော်ငြာစာ(၁)ခုတို့ကိုလည်း ယနေ့ နေ့စွဲဖြင့် ထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မတ် ၈ ရက်က ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ်ခွဲ အင်းလေးကျေးရွာ၌ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ခွဲဦးစီးဌာနမှူး ဦးသန့်ဇင်နှင့်ဝန်ထမ်းများ မိုးပွင့်အဆင့်(၂)ဖြင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း ကျန်းမာရေးသုတ

ကိုယ်ဝန်ဆောင်စဉ် ဟန်းဖုန်းသုံးစွဲမှု သန္ဓေသားများအတွက် အန္တရာယ်ရှိ

ဇော်ဦးခိုင်-ရေးသားသည်

ဝါရှင်တန် မတ် ၁၆

အမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ် မိုဘိုင်းဖုန်းသုံးစွဲပါက မွေးဖွားလာသည့် ကလေးများအတွက် အန္တရာယ်ရှိနိုင်သဖြင့် ရှောင်ရှားသင့်ကြောင်း သိပ္ပံပညာရှင်များက သတိပေးလိုက်သည်။

မိုဘိုင်းဖုန်းများမှ တစ်ဆင့် ရေဒီယို သတ္တိကြွခြင်းသည် မမွေးဖွားသေးသည့် ရင်သွေးငယ်များ၏ ဦးနှောက်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုကို ဟန့်တားနှောင့်ယှက်နိုင်ကြောင်း သုတေသီများက ယုံကြည်ပြီး မှတ်ဉာဏ်စွမ်းရည်နည်းပါးမှု၊ စိုးရိမ်ပူပန်တတ်ပြီး ဂနာမငြိမ်သည့် သဘာဝများဖြစ်ပေါ်စေမှုနှင့် အပြုအမူဆိုင်ရာ မူမမှန်သည့် ပြဿနာများဖြစ်ပေါ်မှု စသည့်ဆိုးကျိုးများ ဖြစ်ပေါ်နိုင်ကြောင်း သုတေသနပြုချက်များကို သတိပေးခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ၏ အထင်ကရတက္ကသိုလ်ကြီးဖြစ်သော ယေးလ်တက္ကသိုလ်မှ ပါမောက္ခ ဟုချ်တိုင်လာ ဦးဆောင်သည့်ပညာရှင်အဖွဲ့က မိုဘိုင်းဖုန်း သုံးစွဲမှုသည် စိတ်ကစဉ့်ကလျားဖြစ်ရခြင်းနှုန်းကို မြင့်မားစေကြောင်း၊ သုတေသနစမ်းသပ်ခန်းတွင် ကြွက်များဖြင့် စမ်းသပ်ခြင်းဖြစ်သော်လည်း လူတို့တွင်ပါ ဆိုးကျိုးဖြစ်ပေါ်နိုင်သဖြင့် သုံးသပ်ချက်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

ယေးလ်တက္ကသိုလ်၏ ဓာတ်ခွဲခန်း၌ သန္ဓေသားလွယ်ကြွက်များကို ဖုန်းလိုင်းဖွင့်ထားသည့်မှန်လှောင်အိမ်နှင့် ဖုန်းပိတ်ထားသောလှောင်အိမ်အတွင်း အစုနှစ်စုခွဲကာ စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ ဖုန်းလိုင်းဖွင့်ထားသောလှောင်အိမ်အတွင်း မွေးဖွားလာသောကြွက်ပေါက်စလေးများတွင် စိတ်ကစဉ့်ကလျားဖြစ်ခြင်း၊ ဦးနှောက်စွမ်းရည်နိမ့်ပါးခြင်းလက္ခဏာများကိုတွေ့ရပြီး ဖုန်းပိတ်ထားသောမှန်လှောင်အိမ်အတွင်း ကြွက်ငယ်လေးများတွင် အဆိုပါလက္ခဏာများ မတွေ့ရှိရကြောင်း သုတေသီများက ပြောကြားခဲ့သည်။

(အင်တာနက်)

မြန်မာ့အလင်း မီးလောင်မှုစက်ရပ်သတင်း

မိတ္ထီလာမြို့၌ သန်းခေါင်ကျော် မီးလောင်မှုဖြစ်

မိတ္ထီလာ မတ် ၁၇

၁၇-၃-၂၀၁၂ ရက်နေ့ထုတ် သတင်းစာဖောင်ပိတ်ပြီးချိန် နံနက် ၀၁နာရီ ၄၅ မိနစ်တွင် မိတ္ထီလာ၌ မီးလောင်မှုဖြစ်ပွားလျက်ရှိကြောင်း မြန်မာ့အလင်း သတင်းထောက်က မိတ္ထီလာမြို့မှ သတင်းပေးပို့လာသဖြင့် စက်ရပ်သတင်းအဖြစ် ဖော်ပြလိုက်ပါသည်။

ဖြစ်စဉ်မှာ မတ် ၁၇ ရက် နံနက် ၀၁ နာရီ မိနစ် ၃၀ ခန့်တွင် မိတ္ထီလာမြို့ ရတနာမာန်အောင် ရပ်ကွက် အမှတ် (၃) နယ်မြေ မြသီတာလမ်းရှိ ရတနာ တည်းခိုခန်းမြောက်ဘက်မှ စတင်၍ မီးလောင်မှုဖြစ်ပွားသည်။

မီးလောင်မှုဖြစ်ပွားပြီးနောက် မီးသတ်ယာဉ် ငါးစီးနှင့် ရပ်ကွက်ပြည်သူများ ရောက်ရှိလာပြီး မီးငြိမ်းသတ်သဖြင့် နံနက် ၀၁ နာရီ ၅၅ မိနစ်တွင် မီးညွန့်ကျိုးသွားခဲ့ကြောင်းနှင့် အိမ်ခုနစ်လုံး မီးလောင်သွားကြောင်း သိရှိရသည်။ မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းကို မသိရှိရသေးသည့်အပြင် ထိခိုက်ဒဏ်ရာရမှု အခြေအနေကိုလည်း မသိရသေးဘဲ ယခုရရှိသည့် သတင်းကို ကနဦးသတင်းအဖြစ် ဖော်ပြလိုက်ပါသည်။

(၁၆၄)

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် (၅) ရပ်ကွက် မွန်ပြည်နယ် အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်နှင့် ဘက်စုံထူးချွန် ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက်ကကျင်းပရာ မြို့နယ် ဘက်စုံထူးချွန် ပထမဆုရရှိသူ မမြတ်မေမွန်လင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှဝေ ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာ့အလင်း မီးလောင်မှုသတင်း

တောင်ဥက္ကလာပ (၄)ရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွား

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သုတ (၁)လမ်းရှိ အိမ်တစ်အိမ်၏ အပေါ်ထပ်ဝိုင်ယာကြိုးမှ ရှော့ခ်ဖြစ်၍ မီးလောင်ကျွမ်းရာ နေအိမ် ၁၄ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ မီးမှာ ယနေ့ ညနေ ၆ နာရီ ၁၅ မိနစ်တွင် စတင်လောင်ခဲ့ရာ မီးသတ်ယာဉ် ၄၀ ကျော်၊ အုပ်ချုပ်မှုယာဉ်များ၊ အထောက်အကူပြုယာဉ်များနှင့် ပြည်သူများ ရောက်ရှိလာပြီး စုပေါင်းမီးငြိမ်းသတ်ခဲ့သည်။ **(အပေါ်ပုံ)** ညနေ ၆ နာရီ ၄၅ မိနစ်ခန့်တွင် မီးထိန်းနိုင်ခဲ့ပြီး ည ၇ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် သေဆုံးဒဏ်ရာရမှုမရှိကြောင်းနှင့် မီးဘေးဒုက္ခသည်များကို ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရှိရသည်။

(၀၂၃)

မြန်မာ့အလင်း လူမှုစီးပွားသတင်း

ယာဉ်စည်းကမ်းချိုးဖောက်သော ယာဉ်များအား ဖမ်းမိသည့်နေရာတွင်ပင် လိုင်စင်ပိတ်သိမ်းမည်

ရန်ကုန် မတ် ၁၆

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်မြေအတွင်း စည်းကမ်းနှင့် မညီသောယာဉ်များအား စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များဖွဲ့ကာ စီမံချက်ချ၍ အရေးယူသွားတော့မည်ဖြစ်ကြောင်း သက်ဆိုင်ရာက သိရသည်။

နယ်မြေအတွင်း၌ ယာယီနံပါတ်တပ်ထားသော သက်တမ်းကုန်ယာဉ်များ၊ နံပါတ်မပါသောယာဉ်များ၊ စတေကာကပ်ထားသောယာဉ်များ အပါအဝင် ယာဉ်စည်းကမ်းချိုးဖောက်သော မော်တော်ယာဉ်များကို တွေ့ရှိပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စည်းကမ်းထိန်းသိမ်းရေးအဖွဲ့အား အဖွဲ့သုံးဖွဲ့ဖြင့် ထိန်းသိမ်းသွားမည်ဖြစ်ပြီး ယာဉ်များစစ်ဆေးရန် ရပ်တန့်မပေးဘဲထွက်ပြေးမောင်းနှင်ပါက B.S.A အဖြူရောင် မော်တော်ဆိုင်ကယ်ကြီးများဖြင့် အသုံးပြုဖမ်းဆီးသွားမည်ဖြစ်ကြောင်းနှင့် ယခုထပ်မံဖွဲ့စည်းထားသော ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့အနေဖြင့် ဖမ်းဆီးရမိသောနေရာတွင်ပင် လိုင်စင်ပိတ်သိမ်းသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(၀၄၂)

နိုင်ငံခြားသားနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုများအား တန်းတူအခွင့်အရေးပေးလျက်ရှိ လုပ်ငန်းရှင်များအနေဖြင့် အစိုးရ၏ ယုံကြည်မှုရရှိအောင် လုပ်ဆောင်ရန်လိုအပ်

နေပြည်တော် မတ် ၁၆

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ ခွင့်ပြုမိန့်ရရှိပြီးဖြစ်သော်လည်း လုပ်ငန်းအကောင်အထည်ဖော်မှုနှေးကွေးလျက်ရှိသော လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း တက်ရောက်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်စေရန်၊ ပြည်သူလူထု၏ စားဝတ်နေရေး ပြေလည်မှု ရရှိစေရန် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၈၃၆ ခု ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပြီး လက်ရှိ ၆၃၂ ခု လုပ်ငန်းဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ခွင့်ပြုမိန့် ၄၆၀ ထုတ်ပေးခဲ့သော်လည်း လက်ရှိ ၂၇၅ ခု ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မရှင်အနေဖြင့် တင်ပြလျှောက်ထားလာသည့် လုပ်ငန်းများကို စိစစ်ပြီး အချိန်နှင့်တစ်ပြေးညီ ခွင့်ပြုမိန့် ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ သို့သော် လုပ်ငန်းရှင်များ၊ ကုမ္ပဏီများအနေဖြင့် ခွင့်ပြုမိန့်ရရှိပြီးဖြစ်သည့် လုပ်ငန်းများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုမှာ နှေးကွေးလျက်ရှိပြီး အားရဖွယ်မရှိပါကြောင်း၊ နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည်ဖြစ်၍ လုပ်ငန်းများ ပြီးစီးအောင် အမြန်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် အမြန်ဝင်ငွေရနိုင်ရေး ဆောင်ရွက်ရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် မှန်ကန်စွာဆောင်ရွက်နေသော လုပ်ငန်းများအား အကာအကွယ်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင်အား မထိခိုက်စေခြင်း၊ Social Impact ကို ထည့်သွင်းစဉ်းစားခြင်း၊ ငွေရေးကြေးရေးကိစ္စများ ထင်သာမြင်သာရှိစေခြင်းတို့အပြင် နိုင်ငံခြားသားနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုများအား တန်းတူအခွင့်အရေးပေးလျက်ရှိပါကြောင်း၊ လုပ်ငန်းရှင်များ ကုမ္ပဏီများအနေဖြင့် ကြိုးစားလုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ Quality Product များ ထုတ်လုပ်ကြရမည်ဖြစ်ပြီး Market တွင် ယှဉ်ပြိုင်နိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ CMP လုပ်ငန်းများအပေါ် များစွာလျှော့ပေါ့ စဉ်းစားပေးထားပါကြောင်း၊ လုပ်သားများအား ညှာတာရန်၊ လုပ်ခ သေသေချာချာပေးရန်၊ အလုပ်သမားများအပေါ် ပြဿနာမဖန်တီးရန်၊ အခွန်ပေးဆောင်မှုများ ထင်သာမြင်သာဖြစ်အောင်လုပ်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဟိုတယ်များ တည်ဆောက်မှုကိုလည်း အလေးထားအားပေးလျက်ရှိပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်အစိုးရ၏ ယုံကြည်မှုရရှိအောင် လုပ်ဆောင်ရန် လိုအပ်ပါကြောင်း။

လုပ်ကိုင်ဆောင်ရွက်

ဘိလပ်မြေလုပ်ငန်းဆောင်ရွက်ရန် နိုင်ငံတော်က စက်ရုံ ၂၂ ရုံအား ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ သို့သော် လက်ရှိတွင် ကိုးရုံခန့်သာ အလုပ်လုပ်ကိုင်နေသည်ကိုတွေ့ရကြောင်း၊ ဘိလပ်မြေစက်ရုံများတည်ဆောက် ထုတ်လုပ်နိုင်ရေးအတွက် သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ ဂေါ်ဒန်ကျောက်၊ ထုံးကျောက်စသည့် ကုန်ကြမ်းရရှိနိုင်သည့်အပေါ် စဉ်းစားခွင့်ပြုပေးရပါကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးအတွက် ဘိလပ်မြေများလိုအပ်ချက်ရှိပါကြောင်း၊ ကျန်စက်ရုံများအနေဖြင့် တည်ဆောက်မှုများ မြန်ဆန်ပြီးစီးအောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အလားတူ ဆေးဝါးလုပ်ငန်းများလည်း အမြန်အကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အတွေ့အခေါ်များပြင်မှ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း၊ BOT စနစ်ဖြင့် အကောင်အထည်ဖော်နေသော လမ်းလုပ်ငန်းများလည်း အမြန်အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံသားနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများက လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် တွေ့ရှိရသည့် အခက်အခဲများနှင့် နှောင့်နှေးကြန့်ကြာမှုများကို ရှင်းလင်းတင်ပြကြရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခြင်း၊ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ ခွင့်ပြုမိန့်ရရှိပြီးဖြစ်သော်လည်း လုပ်ငန်းအကောင်အထည်ဖော်မှုနှေးကွေးလျက်ရှိသော လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား လာအိုနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့်ပို့ဆောင်ရေးဝန်ကြီးနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့်ပို့ဆောင်ရေးဝန်ကြီး H. E. Mr. Sommad Pholsena ဦးဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ညှိခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံလေကြောင်းပို့ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာခရီးသည်များ စိတ်ဝင်စားသည့် မြို့များအကြား တိုက်ရိုက်လေကြောင်းပျံသန်းရေးနှင့် မဲခေါင်မြစ်အတွင်း ရေကြောင်းသွားလာမှုဆိုင်ရာ ပို့ဆောင်ရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးကြကြောင်းနှင့် တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့်ပို့ဆောင်ရေးဝန်ကြီး H. E. Mr. Sommad Pholsena ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၁၆

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေးပဥ္စမနေ့ကို မတ် ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပရာ **(အောက်ပုံ)** ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် လွှတ်တော်ကိုယ်စားလှယ် (၁၂၈) ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း (၁၁) ခု မေးမြန်းဖြေကြားခြင်း၊ အဆို(၁)ခု တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်း ဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ခြင်း၊ ရှမ်းပြည်နယ် ကျေးရွာထင်းစိုက်ခင်းဥပဒေကြမ်းကို တင်သွင်းခြင်းများ ဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကိုယ်စားပြု ဂုဏ်ပြုတပ်ခွဲအား ထောက်ပံ့ငွေပေးအပ်

နေပြည်တော် မတ် ၁၆

(၆၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်မည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကိုယ်စားပြု ဂုဏ်ပြုတပ်ခွဲအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရွာတော် အမှတ်(၇) တည်းခိုရေးစခန်း၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် တက်ရောက်၍ အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ထောက်ပံ့ငွေကျပ် သိန်း ၃၀ နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ထောက်ပံ့ငွေကျပ်သိန်း ၃၀ တို့ကို ကြက်ခြေနီအသင်းကိုယ်စားပြု ဂုဏ်ပြုတပ်ခွဲ တပ်ခွဲမှူး ဦးခင်ထွန်းအား ပေးအပ်သည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

ပြည်ထောင်စုဖွားသွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

မြန်မာ့ရုပ်မြင်သံကြား

၁၇-၃-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
၇:၅၀	သံသာချို့အေးမင်္ဂလာတေး
၈:၃၀	(၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

နေ့လယ်ပိုင်း

၁၁:၀၀	စစ်သည်တေး
၁၄:၀၅	နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက်ဘတ်ရျောင်ငွန်း** (အပိုင်း-၅၈)

ညပိုင်း

၄:၀၀	စစ်ချီတေး၊ စစ်သည်တေး
၄:၃၀	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၃၀	**ရတနာစုံညီနေပြည်တော်ဆီ**
၆:၂၀	ပြဇာတ်အစီအစဉ်
၆:၄၀	**(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ (ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာပြခန်း)**
၆:၅၀	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ချိုချိုကြင်နာပို** (အပိုင်း-၂၁)
၇:၄၅	**ဘယ်လိုမဲပေးကြမှာလဲ** (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
၈:၀၀	ပြည်တွင်းသတင်း နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ)(အပိုင်း-၁၀၀) နိုင်ငံခြားဇာတ်လမ်းတွဲ **ကြယ်ပွင့်လေးရဲ့ ဒိုင်ယာရီ** (အပိုင်း-၂၃) ဂီတတံခါးလေး ဖွင့်ပါဦး

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ

နေပြည်တော် မတ် ၁၆

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိရာ မတ် ၁၆ ရက်တွင် ဦးခွန်ထွန်းဦး အပါအဝင် ပုဂ္ဂိုလ် (၁၅) ဦးက ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့်ပတ်သက်ပြီး ပါတီတည်ထောင်လိုသူပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံ ညှိနှိုင်းထားသည်။ **(သတင်းစဉ်)**

ပြည်တွင်းပြည်ပရတနာကုန်သည်များဖြင့် အထူးစည်ကားလျက်ရှိသည့် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီး

နေပြည်တော် မတ် ၁၆

(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီးကား မဏိရတနာကျောက်စိမ်းခန်းမကြီး၌ ကျင်းပလျက်ရှိသည်။ ပြည်တွင်းပြည်ပရတနာကုန်သည်များကား အစီအရီခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများအကြားဝယ် ပျားပန်းခပ်မျှ လူးလာခေါက်ပြန် လှုပ်ရှားသွားလာနေကြသည်။ ပြပွဲကြီးသို့ ပြည်ပနိုင်ငံပေါင်းရှစ်နိုင်ငံရှိ ကျောက်မျက်ရတနာကုမ္ပဏီ ၄၃၂ ခုတို့မှ ရတနာကုန်သည်ပေါင်း ၁၉၅၁ ဦးနှင့် ပြည်တွင်းရတနာကုမ္ပဏီ ၆၉၄ ခုမှ ကုန်သည် ၃၀၀၀ ကျော်တို့တက်ရောက်၍ ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲအတွဲများကို ဈေးပြိုင်ပေး၍ ဝယ်ယူလျက်ရှိသည်ကို အားရဖွယ်တွေ့မြင်ခဲ့ရသည်။

ကျောက်စိမ်းတွဲများဝယ်ယူရန်ကြည့်ရှုနေကြသော ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များကို တွေ့ရစဉ်။

ရောင်းချပေးသည့် ကျောက်မျက်ရတနာများမှာ ကျောက်စိမ်းအရိုင်း၊ သွေးပြီးကျောက်စိမ်းအချောများ၊ ကျောက်မျက်ရတနာအရိုင်းများနှင့် သွေးပြီးရတနာအချောများ၊ ပုလဲလုံးများ၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲတို့ဖြင့် ပြုလုပ်ထားသောလက်ဝတ်ရတနာများ၊ ကျောက်စိမ်းနှင့်ဆင်တူသော ကျောက်များ၊ သစ်ပင်ကျောက် (Patrified Wood) အရိုင်းနှင့် အချောထည်များ၊ ရုပ်တုရုပ်ထွင်းများ၊ ပုံဆောင်ခဲများ၊ ကျောက်ကပ်ပန်းချီကားများနှင့် ငွေထည်ပစ္စည်းများ စသည်တို့ဖြစ်သည်။ အတွဲအားဖြင့် ကျောက်စိမ်းအတွဲပေါင်း ၁၆၆၉၇ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၂၂၇တွဲ နှင့် ပုလဲအတွဲပေါင်း ၃၆၇တွဲတို့ဖြစ်ကြောင်း မေးမြန်းသိရှိရသည်။

မတ် ၉ ရက်မှ ၁၈ ရက်အထိ ကျင်းပသည့်ပြပွဲကြီးတွင် ပုလဲအတွဲများကို မတ် ၈ ရက်၌ ခင်းကျင်းပြသခဲ့ပြီး ၉ ရက်နှင့် ၁၀ ရက်တို့တွင် အိတ်ဖွင့်တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရတနာဈေးအထပ်တွင် ရောင်းချပေးခဲ့သည်။ ကျောက်မျက်အတွဲများကို မတ် ၆ ရက်မှ ၉ ရက်အထိ ခင်းကျင်းပြသခဲ့ပြီး မတ် ၁၀ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် မဏိရတနာကျောက်စိမ်းခန်းမ၌ ရောင်းချပေးခဲ့သည်။

ကျောက်စိမ်းအတွဲများကိုလည်း မတ် ၁၁ ရက်မှ ၁၅ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်၊ မတ် ၁၆ ရက်မှ ၁၈ ရက်အထိ ဈေးပြိုင်စနစ်တို့ဖြင့် မဏိရတနာကျောက်စိမ်းခန်းမတွင် ရောင်းချပေးလျက်ရှိသည်။

ပြပွဲတွင် ကျောက်စိမ်းရောင်းချပေးမှုမှာ ကုမ္ပဏီပေါင်း ၃၆၁ ခုက ကျောက်စိမ်းအရိုင်းတွဲ ၁၆၂၄၇ တွဲ၊ အင်ကြင်းကျောက် ခြောက်တွဲ၊ နိုင်ငံပိုင် ကျောက်စိမ်းအချောထည် ၃၁ တွဲ၊ ပုဂ္ဂလိကပိုင် ကျောက်စိမ်းအချောထည် ၃၁ တွဲ၊ ကျောက်စိမ်းမဟုတ်သော အခြားတွင်းထွက် ၁၃၇ တွဲ စုစုပေါင်း ၁၆၄၅၂ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ကျောက်စိမ်းအရိုင်း ၂၄၅ တွဲကို ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း ခင်းကျင်းပြသရောင်းချပေးလျက်ရှိသည်။ တင်ဒါနှင့်ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချပေးသည့် ကျောက်စိမ်းအတွဲစုစုပေါင်းမှာ ၁၆၆၉၇ တွဲဖြစ်သည်။ ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည့် ကျောက်စိမ်းအတွဲများတွင် ကြမ်းခင်းဈေးယူရို တစ်သန်းနှင့်အထက် ကျောက်စိမ်းအတွဲပေါင်း ၄၁ တွဲ ပါဝင်သည်။ အမြင့်ဆုံးကြမ်းခင်းဈေးဖြစ်သည့် ယူရို ငါးသန်းတန် ကျောက်စိမ်းအတွဲမှာ နိုင်ငံတော်နှင့် အကျိုးတူကျောက်စိမ်းတူးဖော်လုပ်ကိုင်သည့် ကျောက်စိမ်းနဂါးကျောက်မျက်ကုမ္ပဏီက လုံးခင်း-ဖားကန့်ရတနာနယ်မြေ၊ မမုံမှော်မှ တူးဖော်ရရှိခဲ့သည်။ အလားတူ မဟာအစပထမကျောက်မျက်ကုမ္ပဏီက ယူရို ၃ ဒသမ ၈ သန်းတန် ကျောက်စိမ်းအတွဲကိုလည်းကောင်း၊ စိမ်းရတနာသိုက် ကျောက်မျက်ကုမ္ပဏီနှင့် အောင်ရွှေနန်းကျောက်မျက်ကုမ္ပဏီတို့က ယူရို ၃ ဒသမ ၆၆ သန်းတန် ကျောက်စိမ်းအတွဲကိုလည်းကောင်း၊ အောင်အောင်နိုင်နိုင်ကျောက်မျက်ကုမ္ပဏီက ယူရို ၃ ဒသမ ၂ သန်းတန် ကျောက်စိမ်းအတွဲများကိုလည်းကောင်း တင်ပြရောင်းချပေးလျက်ရှိသည်။ ကျောက်မျက်ရတနာပြပွဲတိုင်းတွင်

သတင်းဆောင်းပါး-ညီညီထွန်း
ဓာတ်ပုံ-မျိုးမောင်မောင်

ကျောက်စိမ်းအတွဲများကို မူလကြမ်းခင်းဈေးထက် အဆပေါင်းများစွာ ဈေးပေး၍ အပြိုင်အဆိုင်ဝယ်ယူလေ့ရှိကြသဖြင့် ယခုပြပွဲတွင်လည်း မူလမျှော်မှန်းသည်ထက် ဈေးပိုမိုရရှိဖွယ်ရှိကြောင်း ရတနာကုန်သည်အချို့က ခန့်မှန်းကြသည်။

ကျောက်စိမ်းလာရောက်ဝယ်ယူသည့် ပြည်တွင်းကုန်သည်တစ်ဦးကလည်း ကျောက်စိမ်းအရိုင်းများကို ရောင်းချပေးမည့်အစား အချောထည်အဖြစ် လက်ရာသေသပ်ကောင်းမွန်စွာဖြင့် အဆင့်အတန်းမြင့်မြင့် Value Added ပြုလုပ်ရောင်းချပါက ပိုမိုဈေးကောင်းရမည်ဖြစ်ကြောင်း၊ မိမိတို့ ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် အချောထည်ပြုလုပ်သည့် နည်းပညာတိုးတက်ရရှိရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အနုပညာ၊ ယဉ်ကျေးမှုနှင့်ကိုးကွယ်ယုံကြည်မှုအရ ပြောရမည်ဆိုလျှင် တရုတ်အချောထည်လုပ်ငန်းရှင်များမှာ ကွမ်ရင်မယ်တော်ရုပ်တုနှင့် နဂါးရုပ်တုတို့ကို ထုလုပ်ပါက မိမိတို့ထက် ပိုမိုလက်ရာကောင်းမွန်သော်လည်း ဗုဒ္ဓရုပ်ပွားတော်နှင့် မြန်မာ့ရိုးရာရုပ်တုများထုလုပ်ရာတွင်မူ မြန်မာ့လက်ရာကိုမမီပါကြောင်း၊ သို့သော် ဈေးကောင်းရလိုပါက ပြည်ပနိုင်ငံများအကြိုက် ရုပ်တုရုပ်ထွင်းများကို အဆင့်မြင့်မြင့် ထုတ်လုပ်သွားသင့်ပါကြောင်းဖြင့် ပြောကြားသည်။

ကျောက်မျက်ရတနာများရောင်းချပေးရာတွင် နိုင်ငံတော်နှင့်အကျိုးတူလုပ်ငန်းဆောင်ရွက်နေသောကုမ္ပဏီများနှင့် ပုဂ္ဂလိကကုမ္ပဏီများက ပါဝင်ပြသရောင်းချကြသည်။ စုစုပေါင်းကုမ္ပဏီ ၃၅ ခုက တင်ပြရောင်းချသော ကျောက်မျက်အတွဲ ၂၇၇ တွဲကို ဈေးပြိုင်စနစ်ဖြင့် ၄၉ တွဲ၊ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ၁၇၈ တွဲ ခင်းကျင်းပြသရောင်းချပေးခဲ့သည်။ အမြင့်ဆုံးကြမ်းခင်းဈေးအနေဖြင့် မိုးချယ်ရီအကျိုးတူကုမ္ပဏီက ယူရို ၃ ဒသမ ၅ သိန်းတန် ပန်းရောင်နီလာတာ တစ်ပွင့်၊ မြန်မာလာဘအကျိုးတူကုမ္ပဏီက ယူရို ၂ ဒသမ ၅ သိန်းတန် နီလာရိုင်းတစ်ပွင့်၊ မြှားညီအစ်ကိုကုမ္ပဏီက ယူရို ၁ ဒသမ ၂ သိန်းတန် ပတ္တမြား ဂေါ်ကြိုးတစ်ပွင့်၊ မာစီဖူးလ်ကုမ္ပဏီက ယူရိုတစ်သိန်းတန် ပတ္တမြားရိုင်းတစ်ပွင့်နှင့် ကြယ်လေးစင်းကုမ္ပဏီက ယူရို ၇ ဒသမ ၅

အရည်အသွေးကောင်းသည့် မြန်မာ့ပုလဲကို ဝယ်ယူရန် ကုန်သည်များ စစ်ဆေးနေကြစဉ်။

သောင်းတန် ပတ္တမြားရိုင်းတစ်ပွင့်တို့ကို တင်ပြရောင်းချပေးခဲ့သည်။ ပြပွဲတိုင်းတွင် ကျောက်မျက်ရတနာများကို အများဆုံးလာရောက်ဝယ်ယူသူများမှာ ထိုင်းနိုင်ငံမှ ရတနာကုန်သည်များဖြစ်သည်။ ယင်းကုန်သည်များက မိုင်းရှူးပတ္တမြားရိုင်းများကို အဓိကဝယ်ယူလေ့ရှိပြီး ထိုင်းနိုင်ငံတွင် အရောင်အဆင်းလှပအောင် မွမ်းမံပြုပြင်၍ နိုင်ငံတကာသို့ ပြန်လည်ရောင်းချခြင်းဖြင့် အကျိုးအမြတ်များရရှိလျက်ရှိကြောင်း သိရှိရသည်။ မြန်မာ့ပတ္တမြားနှင့် နီလာတို့မှာ ကမ္ဘာတွင် ရှားပါးသောရတနာများဖြစ်ရာ မြန်မာနိုင်ငံတွင် ယင်းရတနာဈေးကွက် ပိုမိုဖြစ်ထွန်းလာပါက နိုင်ငံတော်ရော၊ တိုင်းရင်းသားကျောက်မျက်လုပ်ငန်းရှင်များအတွက်ပါ ပိုမိုအကျိုးခံစားခွင့်ရရှိနိုင်မည်ဖြစ်သည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီလေးခုတို့က တင်ပြရောင်းချသော ပုလဲအတွဲ ၃၆၇ တွဲကို ဈေးပြိုင်စနစ်ဖြင့် ၃၆ တွဲ၊ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ၃၃၁ တွဲ ခင်းကျင်းပြသရောင်းချပေးခဲ့သည်။ ကမ္ဘာက ကြိုက်နှစ်သက်သော မြန်မာ့ရွှေရောင်ပုလဲနှင့် ငွေရောင်ပုလဲတို့ကို ရောင်းချပေးခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှ ထွက်ရှိသောပုလဲများမှာ တောင်ပင်လယ်ပုလဲအမျိုးအစားဖြစ်သည်။ တောင်ပင်လယ်ရွှေရောင်ပုလဲထွက်ရှိသည့် ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် မြန်မာ သုံးနိုင်ငံအနက် မြန်မာ့ရွှေရောင်ပုလဲမှာ အရည်အသွေးအကောင်းဆုံးနှင့် ကမ္ဘာတွင် လူကြိုက်အများဆုံး ပုလဲအမျိုးအစားဖြစ်သည်။

အရည်အသွေးကောင်းသည့် ကျောက်စိမ်းတွဲများ ပြသထားသည်မို့ ဝယ်ယူသူများ ဤသို့ ကြည့်ရှုနေကြသည်။

ထို့အပြင် မြန်မာ့ပုလဲများမှာ အခြားနိုင်ငံများကထုတ်လုပ်ထွက်ရှိသော ပုလဲများကဲ့သို့ အရောင်အဆင်းလှပအောင် မွမ်းမံပြင်ဆင်ထားခြင်းမရှိဘဲ သဘာဝအရောင်အဆင်းအတိုင်းသာ တင်ပြရောင်းချသဖြင့် ကမ္ဘာ့ပုလဲဈေးကွက်တွင် နာမည်ကျော်ကြား လူကြိုက်များရခြင်းဖြစ်ကြောင်း မြန်မာအရှေ့တိုင်းပုလဲကုမ္ပဏီမှ ဒေါ်စုစုလွင်က ပြောကြားသည်။ ပြုပြင်မွမ်းမံထားသည့် ပုလဲ၏အရောင်အဆင်းမှာ သက်တမ်းကြာမြင့်လာပါက အရောင်များလွင့်ပြယ်သွားတတ်ပြီး သဘာဝပုလဲမှာမူ မူလအရောင်အဆင်းမှ ပြောင်းလဲသွားခြင်းမရှိပေ။ ပုလဲထုတ်လုပ်မှုလုပ်ငန်းမှာ ယခင်က သဘာဝမုတ်ကောင်ကို ရှာဖွေပြီးမှ ပုလဲမွေးမြူထုတ်လုပ်ခဲ့ရပြီး ယခုအခါတွင်မူ မုတ်ကောင်မွေးမြူသားဖောက်လုပ်ငန်းကို လုပ်ကိုင်လာနိုင်သဖြင့် ပုလဲများကို ပိုမို ထုတ်လုပ်လာနိုင်ခဲ့သည်။ ထို့အပြင် ယင်းသို့မွေးမြူထုတ်လုပ်လာနိုင်သဖြင့် သဘာဝပတ်ဝန်းကျင်ကိုလည်း မထိခိုက်စေဘဲ ထုတ်လုပ်လာနိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပုလဲလာရောက်ဝယ်ယူသည့် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးရှိ Snow Pearl ရတနာဆိုင်မှ ဦးမြတ်စိုးကလည်း "ယခုပြပွဲမှာ ရွှေရောင်ပုလဲကို ပိုမိုတင်ပြထားတာတွေ့ရပါတယ်။ လာဝယ်တဲ့ပုလဲကုန်သည်တွေက ရွှေရောင်ပုလဲကိုရော၊ ငွေရောင်ပုလဲကိုပါ ကြိုက်နှစ်သက်ကြပါတယ်။ ငွေရောင်ပုလဲကို ဒီ့ထက် ပိုမိုတင်ပြရင် ပိုမိုရောင်းရမယ်ထင်ပါတယ်" ဟု ပြောကြားသည်။

ပုလဲရောင်းချပွဲသို့ စင်ကာပူနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ အများဆုံး လာရောက်ဝယ်ယူကြပြီး ဂျပန်နိုင်ငံမှ ကုန်သည်များအနက် ဂျပန်လူမျိုးများသာမက ဂျပန်နိုင်ငံတွင် ပုလဲလုပ်ငန်းလုပ်ကိုင်နေသည့် အိန္ဒိယနိုင်ငံသားများလည်းပါဝင်ကြောင်း မေးမြန်းသိရှိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို တစ်ပွဲထက်တစ်ပွဲ ပိုမိုအောင်မြင်စွာ ကျင်းပရောင်းချနိုင်သည်နှင့်အမျှ နိုင်ငံတော်နှင့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအတွက် နိုင်ငံခြားဝင်ငွေအမြောက်အမြားကိုလည်း ရှာဖွေပေးလျက်ရှိသည်။ ထို့ကြောင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားလုပ်ငန်းရှင်များ၏အကျိုးကိုရှေးရှု၍ ကျောက်မျက်ရတနာပြပွဲများကို တစ်နှစ်လျှင် အနည်းဆုံးသုံးကြိမ် ကျင်းပရောင်းချပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ယခုပြပွဲကြီးတွင် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ စနစ်တကျဝင်ထွက်နိုင်ရန်အတွက် RFID နည်းပညာအသုံးပြု၍ ကတ်များပြုလုပ်ပေးထားပြီး RFID Shutter Gate များကို ဖြတ်သန်းစေ၍ ဝင်ရောက်စေသည်ကို တွေ့ရသည်။ ရတနာကုန်သည်များအနေဖြင့် ပြပွဲကာလအပြီးတွင် မိမိတို့ ဝယ်ယူရရှိခဲ့သော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို လျှင်မြန်လွယ်ကူစွာ သိရှိနိုင်ရန်အတွက် Emporium Sale Information System KIOSK Module စနစ်နှင့် စက်များကိုလည်း အသုံးပြုလျက်ရှိသည်။

ပြည်ပရတနာကုန်သည်များ လွယ်ကူစွာ လာရောက်နိုင်ရန်အတွက် ဟောင်ကောင်၊ ရှမ်းတုံ၊ ကွမ်ကျိုး၊ မကာအိုမှ နေပြည်တော်သို့ Hong Koung Air Lines Limited, C-Z Air Lines Limited, Air Macao Company, MAI တို့က ခရီးသည် ၁၁၄၇ ဦးအတွက် အသွားအပြန် ခရီးစဉ် ခုနစ်ခေါက် စီစဉ်ပေးခဲ့ရာ ရတနာကုန်သည်များ လွယ်ကူလျင်မြန်စွာဖြင့် ပြပွဲကြီးသို့ လာရောက်နိုင်ခဲ့ကြကြောင်း သိရှိရသည်။ ထို့အပြင် နေပြည်တော်တွင် ရတနာကုန်သည်များ သွားလာရေးလွယ်ကူစေရန်အတွက် ပါရမီမော်တော်ယာဉ်အသင်းနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ Taxi ယာဉ်များဖြင့်လည်း စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ ပြပွဲဗဟိုကော်မတီအောက်ရှိ လုပ်ငန်းကော်မတီအသီးသီးကလည်း ပြည်တွင်းပြည်ပရတနာကုန်သည်များ၏ တည်းခိုနေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေး၊ ကျောက်စိမ်းနှင့် ကျောက်မျက်အတွဲများကို အလွယ်တကူကြည့်ရှုလေ့လာနိုင်ရေးနှင့် ဆက်သွယ်ရေးစသည်တို့ကို ယခင်ပြပွဲများကထက် ပိုမိုအဆင်ပြေအောင် ဆောင်ရွက်ပေးထားသည့်အတွက် ရတနာကုန်သည်များ စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် လေ့လာဝယ်ယူနိုင်ကြသည်ကို တွေ့ရှိရသည်။

ထို့ကြောင့်ပင် ယခုကျင်းပလျက်ရှိသည့် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီးမှာ ယခင့်ယခင်ပြပွဲများကထက် ပိုမိုစည်ကားသိုက်မြိုက်စွာ အစစအရာရာ အခက်အခဲမရှိဘဲ ပိုမိုအောင်မြင်ချောမွေ့စွာ ကျင်းပပေးလျက်ရှိသည်ကို မျက်မြင်တွေ့သိခဲ့ရပါကြောင်း။ ။

ဒေါပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော မျိုးဆက်ပွားကျန်းမာရေးနှင့် အမျိုးသမီးများတွင် ဖြစ်ပွားတတ်သည့်ကင်ဆာရောဂါများအကြောင်းသိကောင်းစရာဟောပြောပွဲကို ဖေဖော်ဝါရီ ၂၉ ရက်က အမက(၇)၌ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသူတင့် အမှာစကားပြောကြားစဉ်။ (ဝ၅၁)

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ CPE ဟောပြောပွဲတစ်ရပ်ကို ဦးသန်းလွင် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ(၂) ကမ္ဘောဇဘဏ်လီမိတက်က "The crucial role of the Banking Sector and its contribution in Nation Building efforts (An assessment of opportunities and challenges for Myanmar" ခေါင်းစဉ်ဖြင့် မတ် ၂၇ ရက် (အင်္ဂါနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်သည်။

ဟောပြောပွဲတက်ရောက်ရန်အတွက် မတ် ၂၂ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသူ/သားများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အုတ်တွင်းမြို့၌ ချေးငွေများထုတ်ပေး

အုတ်တွင်း မတ် ၁၆

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျော့နည်းပပျောက်ရေးအတွက် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ စည်ပင်သာယာရေးဘဏ်လီမိတက်မှ ချေးငွေကျပ် ၁၅ သိန်းကို ပျံကျဈေးသည်များအား ထုတ်ပေးခြင်းအခမ်းအနားကို မတ် ၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ကျင်းပရာ ပျံကျဈေးသည်များအား အမှုဆောင်အရာရှိ ဦးခိုင်ထွန်းက ချေးငွေများ ထုတ်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မဲပေးရာတွင် "ပယ်မဲ" မဖြစ်စေရေး သတိပြုရန်အချက်များ

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၆၆ (က)တွင် အောက်ပါဆန္ဒမဲလက်မှတ်မျိုးကို ပယ်ရမည်ဟု ပြဋ္ဌာန်းဖော်ပြထားပါသည်-

(၁) ကော်မရှင်ကအတည်ပြုထားသော အမှတ်အသားမပါသည့် ဆန္ဒမဲ လက်မှတ်၊

(၂) မဲရုံမှူးလက်မှတ်မပါသည့် ဆန္ဒမဲလက်မှတ်၊

(၃) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(၄) ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊

(၅) ဆန္ဒပြုထားခြင်းမှာ မသေချာမထင်ရှားသော ဆန္ဒမဲလက်မှတ်၊

(၆) ဆန္ဒမဲလက်မှတ်အတုဖြစ်သည်ဟု မဲရုံမှူးကဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်၊

(၇) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(၈) ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်။

ယင်းနည်းဥပဒေ ၆၆ (က)၏ အပိုဒ်ခွဲငယ် (၂)၊ (၃)၊ (၄)၊ (၅)နှင့်(၇) တို့ပါ ပြဋ္ဌာန်းချက်များကို မဲဆန္ဒရှင်ပြည်သူများ ပိုမိုနားလည်သဘောပေါက်စေရန် အောက်ပါအတိုင်း ရှင်းလင်းဖော်ပြပါသည်-

(၁) မဲဆန္ဒရှင်သည် ဆန္ဒမဲလက်မှတ်ပေါ်ရှိ မိမိဆန္ဒပြုလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်း၏အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့်တွင်ရှိသော လေးထောင့်ကွက်အတွင်း၌ အမှန်အမှတ်အသားကိုသာရေးခြစ်၍ ဆန္ဒပြုရမည်။

(၂) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ယင်းတို့၏အမည်၊ သင်္ကေတတို့ဘေးရှိ လေးထောင့်ကွက်များတွင် အမှန်အမှတ်အသားကိုဖြစ်စေ၊ အမှားအမှတ်အသားကိုဖြစ်စေ ရေးခြစ်ထားပါက "ပယ်မဲ"အဖြစ် သတ်မှတ်မည်။

(၃) လုံးဝဆန္ဒပြုထားခြင်းမရှိလျှင်လည်း "ပယ်မဲ" အဖြစ် သတ်မှတ်မည်။

(၄) ဆန္ဒပြုရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်သော်လည်း အမှန် သို့မဟုတ် အမှားဟု ခွဲခြားဆုံးဖြတ်နိုင်ခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်ကိုလည်း "ပယ်မဲ" အဖြစ် သတ်မှတ်မည်။

(၅) သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်ပြီး မဲဆန္ဒရှင်ရေးခြစ်ထားသည့် အမှန်အမှတ်အသားမှာ အမှန်ခြစ် ခြစ်ကြောင်း သိသာထင်ရှားပါက သတ်မှတ်ထားသည့် လေးထောင့်ကွက်အတွင်း ဝင်သည်ဖြစ်စေ၊ ညာဘက်ဘေးဘောင်ကို ကျော်လွန်၍ရေးခြစ်သည်ဖြစ်စေ၊ အလျားလိုက်ခြစ်သည်ဖြစ်စေ၊ ဒေါင်လိုက်ခြစ်သည်ဖြစ်စေ၊ အမှန်အမှတ်အသား၌ အကောက်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မဲဆန္ဒရှင်၏ ဆန္ဒအမှန်ဖြစ်သည်ဟု မှတ်ယူပြီး ခိုင်လုံသည့်ဆန္ဒမဲအဖြစ် သတ်မှတ်နိုင်သည်။







အထက်ဖော်ပြပါအချက်များအပြင် ကြိုတင်ဆန္ဒမဲလက်မှတ်များ၌ အောက်ဖော်ပြပါအမှတ်အသားများ မပါရှိပါက ပယ်မဲအဖြစ်သတ်မှတ်ရမည်-

(၁) မဲရုံတွင်ရေတွက်သည့် ကြိုတင်ဆန္ဒမဲလက်မှတ်များ၏ ကျောဘက်တွင် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်ကို တာဝန်ခံထုတ်ပေးသည့် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင် လက်မှတ်ပါရှိရမည်။ (တစ်မျိုးတည်းပါလျှင်လည်း မရပါ။)

(၂) မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင်ရေတွက်သည့် ကြိုတင်ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏တံဆိပ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်ကို တာဝန်ခံထုတ်ပေးသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်လက်မှတ် ပါရှိရမည်။ (တစ်မျိုးတည်းပါလျှင်လည်း မရပါ။)

(၃) ကြိုတင်ဆန္ဒမဲလက်မှတ်တွင် မဲရုံမှူး၏ လက်မှတ်ပါရန်မလိုပါ။

မှတ်ချက်။ (၁) ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲမှ ကြိုတင်မဲများကို မဲရုံမဖွင့်မီ မဲရုံမှူးထံ ပုံစံ (၁၃)ဖြင့် အပ်နှံရမည်။

(၂) မြို့နယ်ကော်မရှင် အဖွဲ့ခွဲသည် ရွေးကောက်ပွဲကျင်းပသည့်နေ့၊ မဲရုံပိတ်ချိန် ညနေ ၄ နာရီ နောက်ပိုင်းမှ ရောက်ရှိလာသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ထည့်သွင်းရေတွက်ခြင်း မပြုရ။

သက်ဆိုင်ရာ ရွေးကောက်ပွဲနည်းဥပဒေ ၆၉ (က)အရ မဲရုံတွင်ရေတွက်သော ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ခိုင်လုံသည်၊ မခိုင်လုံသည်ကို မဲရုံမှူးက ဆုံးဖြတ်ရမည်ဖြစ်ပြီး နည်းဥပဒေ ၆၉ (ခ)အရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် ရေတွက်သော ကြိုတင်ဆန္ဒမဲလက်မှတ်များ ခိုင်လုံသည်၊ မခိုင်လုံသည်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ဆုံးဖြတ်ရမည်ဖြစ်သည်။

မဲရုံမှူးနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက "ပယ်မဲ" သတ်မှတ်သည့် ဆန္ဒမဲ/ကြိုတင်ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာနည်းဥပဒေများနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ၊ အသိသက်သေပြည်သူများရှေ့မှောက်တွင် ရေတွက်၍ သတ်မှတ်ပုံစံများတွင် စနစ်တကျ မှတ်တမ်းတင်ထားရမည် ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၁၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့နှင့်မင်းဘူးမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီ၊ နေပြည်တော်(ရေဆင်း)၊ မိတ္ထီလာမြို့၊ ညောင်ဦးမြို့၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ ပြည်မြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် မတ် ၁၆

မတ် ၁၆ ရက် မွန်းလွဲ ၁ နာရီ ၃၇ မိနစ် ၂၂ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက်မိုင် ၄၅၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ကပ္ပလီပင်လယ်ပြင်)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၇ အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၁၆

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၂ ခုနှစ် (၄၉)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲကို အဋ္ဌမမြောက်နေ့အဖြစ် ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူကြသူများ၊ ပြပွဲခန်းမအတွင်းရှိ ကျောက်မျက်ရတနာ အရောင်းဆိုင်ခန်းများ၌ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ အပါအဝင် ကြည့်ရှုလေ့လာဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ **(ယာပုံ)**

ယနေ့ နံနက်ပိုင်းမှ စတင်၍ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၃၈ တွဲရောင်းချရပြီး ပြပွဲကို မတ် ၁၈ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရှိရသည်။**(သတင်းစဉ်)**

နိုင်ငံနှင့် ဒေသအကျိုးပြုလူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရန်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း အဆင့်မြင့်နှင့် နည်းပညာများသင်ကြားနိုင်ရန် တည်ဆောက်ဖွင့်လှစ်ပေးထားသော ပညာရေးကဏ္ဍဆောင်ရွက်ချက်များ

- ✳ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လူငယ်လူရွယ်များအား မျက်မှောက်ခေတ်၌ ပညာတစ်ပိုင်းတစ်စဖြင့် မိဘလက်ငုတ် ဝင်လုပ်သူအချိုးအစားနည်းပါးအောင် ပညာရေးကဏ္ဍဖြင့် ဖော်ဆောင်ပေးလျက်ရှိသည်။ ပညာရည်အခြေပြု၍ မိဘလုပ်ငန်းတစ်ခေတ်ဆန်းအောင် ကြိုးပမ်းနိုင်သူများ တိုးပွားလာစေရန် တည်ဆောက်ဖော်ဆောင်ပေးလျက်ရှိသည်။
- ✳ ဧရာဝတီတိုင်းဒေသကြီး၌ ကျောင်းသား ကျောင်းသူများကို ဇာတိဌာနမွေးရပ်မြေ၌ ဆရာတစ်ဆူပါရဂူအဖြစ် မျိုးဆက်သစ်များကို ပြန်လည်မွေးထုတ်ပေးနိုင်သည်အထိ ရည်ရွယ်၍ အဆင့်မြင့်ပညာနှင့် နည်းပညာများ သင်ကြားနိုင်ရန် ပညာအမွေ ဖြန့်ဝေပေးလျက်ရှိသည်။
- ✳ ဧရာဝတီတိုင်းဒေသကြီး၌ အဆင့်မြင့်နှင့် နည်းပညာများသင်ကြားနိုင်ရန် တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များ တည်ဆောက်ဖွင့်လှစ်ပေးထားသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း လူငယ်လူရွယ်များ နည်းပညာများ သင်ကြားနိုင်ရန်အတွက် ပုသိမ်မြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော နည်းပညာတက္ကသိုလ် (ပုသိမ်) (အပေါ်ပုံ)ကို တွေ့ရစဉ်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း အဆင့်မြင့်ပညာများသင်ကြားနိုင်ရန်အတွက် ပုသိမ်မြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော ပုသိမ်တက္ကသိုလ်(အပေါ်ဆုံးပုံ)နှင့် စာသင်ဆောင်(အောက်ပုံ)တို့ကို တွေ့ရစဉ်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျောင်းသား ကျောင်းသူများ နည်းပညာများသင်ကြားနိုင်ရန်အတွက် ဟင်္သာတမြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော နည်းပညာတက္ကသိုလ် (ဟင်္သာတ) (အပေါ်ပုံ)ကို တွေ့ရစဉ်။

သတင်းမှတ်စု
မောင်ငြိမ်းအေး

တိုက်ကြီးမြို့ ဈေးရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသစ်ဖွင့်

တိုက်ကြီး မတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဈေးရပ်ကွက်တွင် မတ် ၁၁ ရက် နံနက် ၈ နာရီက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဦးနှင့် ရပ်မိရပ်ဖ ဦးလှတင်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်ရှစ်ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မွေးမြူရေးနှင့်သားငါးကဏ္ဍဖွံ့ဖြိုးရေး မိုင်းဖြတ်မြို့နယ်၌ ဆောင်ရွက်

မိုင်းဖြတ် မတ် ၁၆

ရှမ်းပြည်နယ်တွင် မွေးမြူရေးနှင့်သားငါးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းမြင့်နှင့် မိုင်းဖြတ်မြို့နယ်ဦးစီးအရာရှိ ဒေါက်တာဘစီတို့သည် မတ် ၅ ရက်က မြို့နယ်အတွင်းရှိ ကြက်၊ ဝက်မွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး မွေးမြူသူများအား ကြက်ငှက်တုပ်ကွေးရောဂါနှင့် ဝက်နားရွက်ပြာရောဂါ မဖြစ်ပွားစေရေးအတွက် ဇီဝလုံခြုံမှုမြှင့်တင်ရေးနှင့် စနစ်တကျမွေးမြူရေးနှင့်စပ်လျဉ်းပြီး ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ပေါင်းစည်းလယ်ယာပြုလုပ်မည့် ဝါယောင်း(၁) ကျေးရွာရှိ ဦးဇော်နိုင်ဦး၏ခြံသို့ သွားရောက်ပြီး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးလင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်းနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်း၍ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များ ဖြန့်ဖြူးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဂုဏ်ပြုပူဇော်ပွဲကျင်းပ

မိုးမောက် မတ် ၁၆

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် နိသောကာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သုစိတ္တာနန္ဒအား နိုင်ငံတော်အစိုးရက ဆက်ကပ်သော သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ရရှိသည့်အတွက် မတ် ၁၀ ရက် နံနက် ၈ နာရီခွဲက ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနား ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးညဏ်လှိုင်ကဆရာတော်အား ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်သည်။

ထို့နောက် နိသောကာရာမ အသင်းသူ အသင်းသားများက သံဃာတော် ၄၈ ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေကျင်မြို့နယ်၌ မူခင်းကျဆင်းရေးပညာပေးဟောပြော

ရွှေကျင် မတ် ၁၆

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မတ် ၃ ရက် နံနက် ၁၀နာရီကကျင်းပသည်။ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်မောင်ဝင်းက မူခင်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောသည်။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှုတိုက်ဖျက်ရေး(အထူးအဖွဲ့)မှ ရဲအုပ်မောင်မောင်ဝင်း၊ မူးယစ် (အထူးအဖွဲ့)မှ ရဲအုပ်ကျော်ဆွေဦးနှင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့မှ ဒုရဲအုပ်အောင်နိုင်တို့က အသိပညာပေး ဟောပြောကြသည်။

ထို့နောက်တက်ရောက်လာသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး အသိပညာပေးပြပွဲတွင်ပြသထားသည်များကို ရှင်းလင်းပြသခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကုန်သည်/ စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံဆွေးနွေးပွဲတက်ရောက်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မတ် ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဒေါက်တာအောင်သိန်းနှင့် ဒေါက်တာသာထွန်းဦး၊ အလုပ်အမှုဆောင်များဖြစ်ကြသော ဦးရဲမြတ်သူ၊ ဦးမိုးမြင့်ကျော်နှင့် ဦးကြည်မင်းတို့သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည့် ဂျပန်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် မတ် ၁၂ ရက် ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားရာ ကုန်သည်/စက်မှု အသင်းချုပ်အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမိုးကျော်နှင့် အသင်းချုပ်မှ တာဝန်ရှိသူတို့က ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ) (မြန်မာ့အလင်း)**

မြန်မာ့အလင်း ရုပ်ရှင်အမြည်း

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

SAFE HOUSE ဇာတ်ကားသစ် ရုံဝင်လာ

SAFE HOUSE ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ရန်ကုန် မတ် ၁၆

ယခုသီတင်းပတ် မတ် ၁၆ ရက် (သောကြာနေ့)တွင် မြန်မာဇာတ်ကားသစ် ရုံဝင်လာခြင်းမရှိဘဲ နိုင်ငံခြားဇာတ်ကားသစ် SAFE HOUSE နေပြည်တော်ရုံ၌ ရုံဝင်လာရာ အက်ရှင်ဇာတ်ကားကောင်း ကြိုက်နှစ်သက်သူများ ဆန္ဒပြည့်ဝမည့်ဇာတ်ကား ဖြစ်သည်။ ဒါရိုက်တာ Daniel Espinosa ရိုက်ကူးပြီး သရုပ်ဆောင် Denzel Washington၊ Ryan Reynolds နှင့် Robert Patrick တို့ ခေါင်းဆောင်ပါဝင်ထားကြသည့် SAFE HOUSE ဇာတ်ကားတွင် စီအိုင်အေအရာရှိဟောင်းတစ်ဦးက လျှို့ဝှက်ချက်များကို အခြားနိုင်ငံတစ်နိုင်ငံသို့ ရောင်းချခဲ့သဖြင့် ဖမ်းဆီးခံရပုံ၊ ကြေးစား အကြမ်းဖက်တပ်ဖွဲ့ဝင်များ ဝင်ရောက်ဖျက်ဆီးပုံ၊ အသက်ဘေးမှ လွတ်မြောက်အောင် တိုက်ခိုက်ပုံများကို စိတ်လှုပ်ရှားဖွယ် ရိုက်ကူးထားရာ သည်းထိတ်ရင်ဖို ကြည့်ရှုခံစားရမည့် ဇာတ်ကားကောင်းဖြစ်သည်။

သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)၏ **မေခင်ကညာ**ဇာတ်ကား ဆက်လက်ပြသလျက်ရှိသည်။ ရန်အောင်၊ ရဲအောင်၊ ခန့်စည်သူ၊ ပြေတီဦး၊ ကျော်ကျော်ဗို၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်၊ သင်ဇာဝင့်ကျော်နှင့် ဝတ်မှုန်ရွှေရည်တို့၏ ဟာသမြောက်သရုပ်ဆောင်မှုများကို မကြည့်ရသေးသည့် ပရိသတ်များအတွက် ယခုသီတင်းပတ်၌ အခွင့်အရေးရဦးမည်ဖြစ်သည်။

ရွှေဆောင်ရုံတွင် GHOST RIDER: SPIRIT OF VENGEANCE ဇာတ်ကား ဆက်လက်ပြသလျက်ရှိပါကြောင်း ရုပ်ရှင်အမြည်းအဖြစ် ရေးသားလိုက်ပါသည်။ **(မြန်မာ့အလင်း)**

မတ် ၁၀ ရက်က ရန်ကင်းမြို့နယ် အထက(၁)ကျောင်း၌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းအောင် ကြီးကြပ်၍ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ရေမြောင်းများ၊ ချုံနွယ်များနှင့် အမှိုက်များ စုပေါင်းသန့်ရှင်းကြစဉ်။ (၀၄၃)

မြန်မာ့အလင်း မှုခင်းသတင်း

ကားအရှိန်လွန်ပြီး ရေမြောင်းထဲထိုးကျ

ပြင်ဦးလွင် မတ် ၁၆

မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီခန့်က ပြင်ဦးလွင်မြို့နယ် ပြင်စာရဲစခန်းအပိုင် (၂၁)မိုင်ကျေးရွာ မန္တလေး-လားရှိုးလမ်း မိုင်တိုင်(၁၈/၁)ဝန်းကျင်၌ ယာဉ်တိမ်းမှောက်ကြောင်း သတင်းအရ ပြင်စာရဲစခန်းမှူး ရဲအုပ် ထိန်ဝင်းနှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဦးဝင်းကို (ခ)မာမတ် (၆၂)နှစ် (ဘ)ဦးမူဆာ (၂၅)လမ်း ၈၃×၈၄ ကြား အောင်မြေသာစံမြို့နယ် နေသူ မောင်းနှင်လာသော ယာယီနံပါတ်----TOYOTA (Wave) ခဲရောင်မော်တော်ယာဉ်မှာ လမ်းယာဘက်ဘေးရှိ ပေ ၁၀၀ ခန့်ရှိသော ရေမြောင်းထဲသို့ အရှိန်လွန်ကာ ထိုးကျခဲ့ပြီး ယာဉ်မောင်း အပါအဝင် ယာဉ်ပေါ်ပါခရီးသည်သုံးဦး သေဆုံးကာ သုံးဦး ဒဏ်ရာရရှိခဲ့သဖြင့် ဒဏ်ရာရသူများအား မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။ (၀၃၂)

ထော်လာဂျီနှင့်ဆိုင်ကယ်တိုက်မိ

မိတ္ထီလာ မတ် ၁၆

မိတ္ထီလာမြို့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၇၈/၁ ကျောက်ပုံရွာအနီးတွင် မတ် ၁၂ ရက်က မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာနေ ယာဉ်မောင်း မြတ်သူ (၄၁)နှစ် မောင်းနှင်သည့် ကျောက်တင်ထော်လာဂျီ အပြာရောင်ကားက ရှေ့မှ တပ်ကုန်းမြို့နယ်နေသူ ချစ်ဦး (၂၆)နှစ်စီးလာသည့် ၁၈ယ/------ ဆိုင်ကယ်အား နောက်မှဝင်တိုက်မိရာ အဆိုပါယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်စီးသူ ချစ်ဦးနှင့် နောက်မှစီးသူ ခင်မောင်ရွှေ (၄၁) နှစ်တို့မှာ ဒဏ်ရာအသီးသီးရရှိသွားသဖြင့် မိတ္ထီလာဆေးရုံသို့ အတွင်းလူနာအဖြစ် တင်ပို့ထားရသည်။ အဆိုပါယာဉ်တိုက်မှုကို သက်ဆိုင်ရာရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (၀၁၂)

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့

ညောင်ဦး မတ် ၁၆

(၆၇)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်ဦးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေ၊ ပုဆိုး၊ တိုက်ပုံအင်္ကျီ ချီးမြှင့်သည့် အခမ်းအနားကို ညောင်ဦးမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီရုံးခန်းမ၌မတ်၁၂ရက်နံနက်၉နာရီကကျင်းပသည်။ရှေးဦးစွာ ညောင်ဦးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌဗိုလ်ကြီးအောင်မြင့်(ငြိမ်း)က အမှာစကားပြောကြားသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နယ်မြေစည်းရုံးရေးမှူးများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၄၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ချီးမြှင့်ထောက်ပံ့ငွေကျပ်နှစ်ဆယ့်ရှစ်သိန်းလေးသောင်း၊ ပုဆိုးတစ်ထည်နှုန်းဖြင့် ချီးမြှင့်ထောက်ပံ့ငွေကျပ် လေးသိန်းကိုးသောင်း ခုနစ်ထောင်၊ တိုက်ပုံအင်္ကျီ တစ်ထည်နှုန်းဖြင့် ချီးမြှင့်ထောက်ပံ့ငွေကျပ် ရှစ်သိန်း ငါးသောင်း နှစ်ထောင်ကို နယ်မြေစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ချီးမြှင့်ထောက်ပံ့ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စည်းကမ်းမဲ့ဆိုက်ကားများ ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၃၀ ရပ်ကွက် မန္တလေးဈေးအနီးရှိ ဆိုက်ကားများမှာ သတ်မှတ်ထားသော ဂိတ်များတွင်မရပ်ဘဲ အများပြည်သူသွားလာသော ကားလမ်းပေါ်တွင် စည်းကမ်းမဲ့စွာရပ်ထားပါသဖြင့် ကားများ၊ ပြည်သူများသွားလာရာတွင် စိတ်အနှောင့်အယှက်ဖြစ်ရပါသောကြောင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်နေပြည်သူများ**

အနံ့အသက်ဆိုးများ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

လှိုင်မြို့နယ် ၁၁ ရပ်ကွက် ဓမ္မာရုံ (၁)လမ်းအတွင်းရှိ (အမျိုးသမီး) အဆောင်လုပ်ငန်းနှင့် စားသောက်ဖွယ်ရာရောင်းချသောဆိုင်များမှ ရေမြောင်းအတွင်း စွန့်ထုတ်ထားသောရေများမှ အနံ့ဆိုးများထွက်ရှိနေခြင်းကြောင့် ပတ်ဝန်းကျင်နေထိုင်ကြသူများ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူ လမ်းသားများ**

လောင်စာပစ္စည်းများကြောင့် မီးဘေးစိုးရိမ်

စာတည်းရှင့်-

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်း မြေနီကုန်းတောင်ရပ်ကွက်ရှိ တိုက်အဆောက်အအုံတစ်ခု၏ ရေစက်များထားရှိသည့် လှေကားခွင်၌ သံတိုင်များဖြင့် ကာရံပြီး လောင်စာပစ္စည်းများသိုလှောင်ထားရာ မီးဘေးအန္တရာယ် စိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာမှ အဆိုပါနေရာကို ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **မီးစိုးရိမ်သူ**

ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ပေးပါ

စာတည်းရှင့်-

ဒဂုံမြို့သစ်(တောင်ပိုင်း) (၅၆)ရပ်ကွက် လှော်ကားလမ်းမကြီးနှင့် ကျောက်စိမ်းမြတ်ရတနာလမ်းထောင့် ဝဲဘက်ခြမ်းရှိ ရေနုတ်မြောင်းမှာပိတ်ဆို့နေပြီး ရေမစီးနိုင်သဖြင့်ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်နိုင်ပါသောကြောင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ပြန်လည်တူးဖော်ပေးပါရန် တင်ပြအပ်ပါသည်။ **(၅၆)ရပ်ကွက်သူ**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကျင်းပ
၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေး

နေပြည်တော် မတ် ၁၆

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၀၈)ဦးတို့ တက်ရောက်ကြသည်။

ယနေ့အစည်းအဝေးတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးခြင်း၊ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်တင်ပြခြင်းနှင့် ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ နိုင်ငံတကာပါလီမန်ဆိုင်ရာသမဂ္ဂ (Inter-Parliamentary Union-IPU) သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေးကိစ္စတင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ မြန်မာနိုင်ငံပါလီမန်အဖွဲ့ ဖွဲ့စည်းရန် တင်ပြခြင်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြောကြားမည့် မိန့်ခွန်းတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းနှင့် ၂၀၁၁ ခုနှစ် လယ်ယာမြေဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

အဆိုတင်သွင်း

အစည်းအဝေး၌ ပြည်ထောင်စုလွှတ်တော်နာယက က **၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း** နှင့် စပ်လျဉ်း၍ ၁၅-၃-၂၀၁၂ ပြည်ထောင်စုလွှတ်တော် (၂၀)ရက်မြောက်နေ့ အစည်းအဝေးတွင် ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် စပ်လျဉ်းပြီး အဆိုတင်သွင်းခဲ့ကြောင်း၊ ယင်းအဆိုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းသည် အခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်းမရှိကြောင်း ဥပဒေကြမ်းပူးပေါင်းကော်မတီက သဘောထားမှတ်ချက် တင်ပြလာသည့်အတွက် ပြည်ထောင်စုလွှတ်တော်နာယကအနေဖြင့် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ကို ဦးစီးအဖွဲ့မှ ထည့်ထားခြင်းနှင့် ရသုံးမှန်းခြေငွေစာရင်းတွင် အသုံးစရိတ်ထည့်ထားခြင်းတို့ကို ပယ်ဖျက်ကြောင်း ဆုံးဖြတ်သည်။

ပြင်ဆင်ချက်အဆိုတင်သွင်းခြင်းကဏ္ဍတွင် ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေက **ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန လုပ်ငန်း(၂)ခု၏ လုပ်ငန်းပမာဏ (၆၅ ဒသမ ၉)ရာခိုင်နှုန်း လျှော့ချသင့်သည်** အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက တစ်စုံတစ်ရာ ပြန်လည်ဆွေးနွေးရန် မရှိကြောင်း တင်ပြပြီး ပြင်ဆင်ချက်အဆိုအား လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

တံ့တေးမဲဆန္ဒနယ်မှ ဦးစိုးသာက **၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း**၏ နောက်ဆက်တွဲ-၂ ခေါင်းစဉ်ကို **၂၀၁၂-၂၀၁၃ ခုနှစ် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက် ခေါင်းစဉ်အား ၂၀၁၂-၂၀၁၃ ခုနှစ် နိုင်ငံပိုင်အခန်း ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်ဟု ပြင်ဆင်သင့်ကြောင်း** အဆိုကို တင်သွင်းသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကျင်းပ
အဆို (၁)ခု အတည်ပြုခြင်း၊ ဥပဒေကြမ်း (၂)ခု အတည်ပြုခြင်းတို့ ဆောင်ရွက်

နေပြည်တော် မတ် ၁၆

ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၂၄)ဦးတို့ တက်ရောက်ကြသည်။

ထပ်ဆင့်ရှင်းလင်း

အစည်းအဝေး၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ထုတ်သတင်းစာများတွင် ဖော်ပြပါရှိသည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား အငြင်းပွားလျက်ရှိသည့် ပင်လယ်နယ်နိမိတ်သတ်မှတ်ရေးနှင့် စပ်လျဉ်း၍ ပင်လယ်ပြင်ဥပဒေဆိုင်ရာ နိုင်ငံတကာခုံရုံး (ITLOS)က မတ်လ ၁၄ ရက်နေ့တွင် အပြီးသတ်စီရင်ချက် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည့် အချက်အလက်များနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များအား ထပ်ဆင့်ရှင်းလင်းတင်ပြသည်။

ယနေ့အစည်းအဝေးတွင် အဆို(၁)ခု အတည်ပြုခြင်း၊ ဥပဒေကြမ်း (၂)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

အဆုံးအဖြတ်ရယူ

အဆိုအတည်ပြုခြင်းကဏ္ဍတွင် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ "**သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးပေါ်ပေါက်ရေးအတွက် အဂတိလိုက်စားမှုများကို ထိရောက်စွာ အရေးယူနိုင်ရန် အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေ (Anti- Corruption Law) အား ပြင်ဆင်ရေးဆွဲရေးနှင့် ဥပဒေပြဋ္ဌာန်းပြီးနောက် ဥပဒေနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအဆုံးအဖြတ်ခံယူရေး**" အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ကြေညာသည်။

ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍတွင် အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော "**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း**" နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြင်ဆင်ချက်တင်သွင်းခြင်း၊ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူကာ အတည်ပြုကြောင်း ကြေညာသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကြမ်း** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်က ပြန်လည်ပေးပို့သော ပြင်ဆင်ချက်များအတိုင်း လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၃ နာရီ ၂၅ မိနစ်တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**